မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၂၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေး ရေရှည်ကာကွယ်ရေးလုပ်ငန်းများ ရည်မှန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြား

နေပြည်တော် မေ ၁၉

ရန်ကုန်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ဒေသဖြစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများဖြစ်သည့် ဒေးဒရဲမြို့နယ်နှင့် ဖျာပုံမြို့တို့သို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဧရာဝတီတိုင်း ဒေးဒရဲမြို့ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အမိုးအကာ လုံခြုံစွာ စနစ်တကျ နေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

20-5 (01).pmd 1 5/20/2008, 2:31 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၀ ရက်)

အခက်အခဲဟူသမျှ ကျော်လွှားလွန်မြောက်နိုင်ရေး ပေါင်းစည်းညီညွတ်မှု စွမ်းပကားဖြင့် ကြိုးပမ်း

မြန်မာနိုင်ငံ၌ မေလ ၂ရက်နေ့နှင့် ၃ရက်နေ့က တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသအချို့တို့၌ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရာတွင် လူနေအိမ်ခြေအဆောက်အအုံ ပျက်စီးမှုများနှင့်အတူ သစ်ပင်ကြီးများ၊ ဓာတ်တိုင်များ၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ လဲကျပျက်စီးသွားခဲ့သည်။

ယင်းသို့ သစ်ပင်ကြီးများ၊ ဓာတ်တိုင်များ လဲကျ ကျိုးပြတ်သွားသည့်အတွက် ယာဉ်သွားလာမှု ပိတ်ဆို့သွားသည့်အပြင် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပြတ်တောက်ခဲ့ရသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းသည် ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုတိုးတက်စေသည်။ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာရေးအတွက် လမ်းမကြီးများပေါ်တွင် ပိတ်ဆို့မှုများကို တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများက လူအင်အား၊ စက်ယန္တရားအင်အားသုံးပြီး စည်းလုံးညီညွတ်စွာ အချိန်တိုအတွင်း အပြောင်ဖယ်ရှား ရှင်းလင်းနိုင်ခဲ့ကြသည်။ ယခုအခါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာသဖြင့် ဒေသအသီးသီးနှင့် ဆက်သွယ်နိုင်ကာ ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းရောင်းဝယ်မှုများ သွက်လက်လျင်မြန်လာပြီဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် ယာယီပိတ်ထားခဲ့သည့် ပြည်တွင်း၊ပြည်ပ လေယာဉ်ခရီးစဉ်များအပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ခရီးစဉ်များနှင့် ရထားခရီးစဉ်များကိုလည်း မုန်တိုင်းတိုက်ခတ်ပြီး ရက်ပိုင်းအတွင်း ပြန်လည်ဖွင့်လှစ်ကာ ပုံမှန်အတိုင်း ပြေးဆွဲပျံသန်းလျက်ရှိသည်။

ရန်ကုန်မြို့တွင်း၌လည်း လမ်းများရှင်းလင်း၍ မော်တော်ယာဉ်များ ပုံမှန်မောင်းနှင် သွားလာနိုင်ကြပြီဖြစ်သည့်အပြင် လူသွားစင်္ကြံများပါ တစ်နေ့ထက်တစ်နေ့ ရှင်းလင်းသပ်ရပ်လာကာ သွားလာဆက်သွယ်မှု ပိုမိုကောင်းမွန်လာလျက်ရှိသည်။ လျှပ်စစ်မီး အမြန်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ထမ်းများက အင်တိုက်အားတိုက် ကြိုးပမ်းစွမ်းဆောင်လျက်ရှိရာ မြို့နယ်အတော်များများ၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီ ဖြစ်သည်။

လေဘေးသင့်ဒေသများရှိ ပြည်သူ့ဆေးရုံကြီးများ၌ တက်ရောက်ကုသလျက်ရှိသည့် လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ဆရာဝန်၊ ဆရာမများနှင့် ဆေးဝါးများ ပံ့ပိုးဖြည့်ဆည်းပေးထားပြီဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေး ပေါ်ပေါက်တတ်သည်ဖြစ်ရာ အရေးကြုံလာပါက နိုင်ငံတော်နှင့်အတူ တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများ ပေါင်းစည်းညီညွတ်မှုစွမ်းပကားဖြင့် လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အခက်အခဲဟူသမျှ ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ရှစ်မိုင်ခွဲ ရွှေနှင်းဆီလမ်းနေ ဖခင်ဦးထိန်ဝင်းနှင့် ခင်ပွန်းဗိုလ်မှူးအောင်မြတ်ဦးတို့အား ရည်စူး၍ မိခင်ဒေါ်စိန်ကြည်၊ ဒေါ်မိမိမော်၊ သမီး မေပန်းမြတ်ဦးနှင့် မေဖူးမြတ်ဦးမိသားစုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။ (အောက်ပုံ) (က-ဃ)

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် လေဘေးသင့်ပြည်သူများအားတွေ့ဆုံ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်များ ရှင်းလင်းပြောကြား

ရန်ကုန် မေ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ၇ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ မြို့ပေါ်ရပ်ကွက်များမှ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖြဟ္မစိုရ်ခန်းမဆောင်၌ ကျင်းပသည့် လေဘေးသင့်ပြည်သူများအတွက် မိသားစုအသင့်သုံး ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် စေတနာစုပေါင်းလှူဒါန်းရေးအဖွဲ့၏ မိသားစုအသင့်သုံး ကယ်ဆယ်ရေးပစ္စည်းခြင်း၃၀၀နှင့် ဆန်အိတ် ၅၀၀၊ ဦးသိန်းဝင်းဇော်နှင့် ဦးခင်မောင်ကျော်တို့က ငွေကျပ်သိန်း၁၀၀တန် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခရမ်းမြို့ ပလူကျေးရွာရှိ ပလူဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ပလူ၊ အုန်းပင်၊ ရေကျော်၊ ဘိုကလေး၊ အောင်ချမ်းသာနှင့် ဆင်မင်းအိုင်ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘုရားပျိုကျေးရွာရှိ ဘုရားပျိုဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ ဘုရားပျို၊ ကရင်စု၊ ကြာကန်၊ ကြုံကန်၊ ညောင်တန်းကျေးရွာများမှာ လေဘေးသင့်ပြည်သူများအားလည်းကောင်း၊ ခရမ်းမြို့ ကွမ်မိုးဒိန်းကျေးရွာရှိ ကွမ်မိုးဒိန်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တပ်မတော်(ရေ)မှ ပူးပေါင်းပါဝင်

နေပြည်တော် မေ ၁၉

လေဘေးသင့်ဒေသများရှိ ပြည်သူလူထုအား သက်ဆိုင်ရာကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများအလိုက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများအား အဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ၇ရက်က ဖျာပုံမြို့နှင့် ဒေးဒရဲမြို့နယ် အခြေပြု စစ်ရေယာဉ်နှစ်စင်းမှ အရာရှိ၊ စစ်သည်များသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများ၊ နယ်မြေခံ ကြက်ခြေနီအသင်းဝင်များလိုက်ပါလျက် ထိန်ဝိုင်း၊ ဒုံးချောင်း၊ တမန်ကြီး၊ ကျိုက်တသာကျေးရွာ၊ ပေလိတ်၊ ဝေဠု၊ တပ်မဲ၊ သုံးထပ်၊ ကြက်ဖမွေးတောင် ကျေးရွာများသို့ ဒေသခံလှေများဖြင့်သွားရောက်၍ ကျေးရွာနေပြည်သူလူထု၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းများ၊ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ပြိုလဲသစ်ပင်များ ရှင်းလင်းခြင်းနှင့် ရပ်ရွာသန့်ရှင်းရေးလုပ်ငန်းများ၌ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ဘိုကလေးမြို့နယ် အခြေပြုစခန်းရေယာဉ်တစ်စင်းသည် ဆန်၊ ဆီ၊ အာလူး၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ရေစုပ်စက်၊ အိမ်ရိုက်သံ စုစုပေါင်း ၁၅တန် တင်ဆောင်၍ ဘီတွဒ်ကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးသည်။

ထွက်ခွာ

ထို့အတူ ရန်ကုန်အခြေပြု စစ်ရေယာဉ်တစ်စင်းသည် မေ၇ရက်တွင် နန်းသီတာဆိပ်ကမ်းမှ ဟိုင်းကြီးကျွန်းဒေသသို့ သွပ်၊ သင်္ကန်း၊ တာပေါ်လင်လိပ်၊ ကျောင်းစိမ်းလုံချည်၊ သောက်ရေသန့်ဘူး၊ သွပ်ကြိုးခွေ၊ စားဆီ၊ အိုးခွက်ပန်းကန်များနှင့် မီးဖိုချောင်သုံးပစ္စည်း စုစုပေါင်းတန်၂၀တင်ဆောင်၍ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ** (အပိုင်း - ၁၅)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မွေးမြူသုတ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၁၂)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကိုးမိုင်မစိုးရိမ်လမ်းနေ Jong Joig Min-မဥမ္မာရွှေတို့က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင် အဖွဲ့ဝင် ဦးသန်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ဃ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လေဘေးသင့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဗဟိုကော်မတီဝင်များက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုများကို ပဏာမရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တက်ရောက်

ထိုသို့ရှင်းလင်းတင်ပြရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ နယ်မြေဒေသအလိုက် တာဝန် ခွဲဝေကြီးကြပ်ပံ့ပိုးဆောင်ရွက်လျက် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ လေဘေးကင်းလွတ်သည့် ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ၊ အစိုးရ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ အနုပညာရှင်များပါ ဝိုင်းဝန်းကူညီဆောင်ရွက်နေသဖြင့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် ရှိကြောင်း။

နိုင်နင်းစွာဆောင်ရွက်

ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး လေဘေးသင့် ပြည်သူများ၏ လတ်တလော စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ နိုင်နင်းစွာ ဆောင်ရွက်နိုင်နေပြီဖြစ်ပါကြောင်း။

တစ်ပြိုင်တည်းမှာပင် လေဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက် အအုံများပြန်လည်ပြုပြင်မှုလုပ်ငန်းများကို တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးအတွက်လည်း ဗဟိုအဆင့်မှလာရောက်ကူညီသည့် သမားတော် များနှင့် ဒေသခံကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အတွက် ရောဂါဘယ ဆိုးရွားစွာမဖြစ်ပွားစေရအောင် နိုင်နင်းစွာတားဆီး ဆောင်ရွက်နိုင်လျက်ရှိပါကြောင်း။

ပြောင်းရွှေ့နေထိုင်

လေဘေးသင့်အစွန်အဖျားဒေသများသို့ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပြီး ဒေသခံများ အမိုးအကာအောက် ပြန်လည်နေထိုင်နိုင်အောင် ပံ့ပိုးဆောင်ရွက်ပေး လျက်ရှိရာ နေထိုင်၍ရသည့်အနေအထားသို့ ပြန်လည်ရောက်ရှိပြီဖြစ်သဖြင့် ဒေသခံအတော်များများမှာ ကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏ မူရင်းဒေသ များသို့ စတင်ပြောင်းရွှေ့နေထိုင်လျက်ရှိပြီဖြစ်ပါကြောင်း၊ ပွင့်လင်းရာသီ အရောက်တွင် အခိုင်အမာနေအိမ်များပြန်လည်ထူထောင်နိုင်အောင် ပံ့ပိုးသွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး အသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်စေရအောင် လယ်ယာမြေပြုပြင်ရေးလုပ်ငန်းများ၊ ထွန်စက်စခန်းနှင့် စိုက်ပျိုးရေးစခန်း ထူထောင်ဖွင့်လှစ်မှုလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင် ရေးအတွက် ပံ့ပိုးပေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေး

အဓိကအားဖြင့် ကယ်ဆယ်စောင့်ရှောက်ရေး၊ ကျန်းမာရေးပြုစု စောင့်ရှောက်ရေးလုပ်ငန်းများ နိုင်နင်းစွာ ဆောင်ရွက်နိုင်လျက်ရှိပြီး ပျက်စီး အဆောက်အအုံများ ပြုပြင်မှု၊ ရေဘေးသင့်ဒေသများ၌ အိုးအိမ်ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများလည်း အကောင်အထည်ဖော် ဖြစ်ထွန်းနေပြီဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေးအတွက် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ သည်။

ဆက်လက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ဒေသများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဟိုင်းကြီးကျွန်းဒေသ နှင့်စပ်လျဉ်း၍ လည်းကောင်း ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သိရှိလိုသည်များ မေးမြန်းလျက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးပြီး သုံးသပ်လမ်းညွှန် မှာကြားရာတွင် လေဘေးသင့်ဒေသများအလိုက် စာရင်းဇယားများ တိကျစွာ မှတ်တမ်းတင်ထားဖို့လိုကြောင်း၊ သို့မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျစီမံချက်များချမှတ်ပြီး ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

နယ်မြေဒေသအလိုက် တာဝန်ပေးအပ်ထားသော တပ်များကို ဆက်လက် ထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ပေးဆောင်ရွက်စေရန် ဖြစ်ကြောင်း။

အားပေးဆောင်ရွက်

ပထမအဆင့်အနေဖြင့် ပြည်သူများ မူရင်းဒေသများတွင် အမိုးအကာ အောက်၌ ပြန်လည်နေထိုင်နိုင်ရေးအတွက် တစ်မိုးခံယာယီတဲများ ဦးစားပေး တည်ဆောက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ပလတ်စတစ်စများ နိုင်နိုင်နင်းနင်းပံ့ပိုး ပေးရန်လိုကြောင်း၊ ရေရှည်အတွက် ပွင့်လင်းရာသီတွင် အခိုင်အမာအဆောက် အအုံများ ပြန်လည်ထူထောင်နိုင်ရန် အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း။

လက်ရှိ တည်ရှိနေသည့် တိုက်တာအိမ်ခြေများကိုလည်း သွပ်အမိုးပြားများ လုံလောက်စွာ ပံ့ပိုးပေးပြီး ပြန်လည်ထူထောင်ပေးရန်ဖြစ်ကြောင်း။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ အချက်အချာ ကျသော အခြေခံဒေသများတွင် ယာယီကျန်းမာရေးစခန်းများ ဖွင့်လှစ်ပေးရန်၊ ကျေးရွာများတွင် ကျန်းမာရေးမှူးများ ပြန်လည်ဖြည့်ဆည်းခန့်ထားပေးရန် လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အဓိကနေရာများတွင် အခြေခံပညာအလယ် တန်းကျောင်းအဆင့်အထိ ပြန်လည်ဖွင့်လှစ်ထူထောင်ပေးရမှာဖြစ်ကြောင်း။

အလေးပေးဆောင်ရွက်

လောလောဆယ်တွင် လတ်တလောလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ ရေကောင်းရေသန့်ရရှိရေးကို အလေးပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်

ထို့အပြင် ဒေသခံများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သည့် ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းသုံးမျိုးကို ပြန်လည်ဆောင်ရွက်နိုင်အောင် အဓိကထားပြန်လည်ထူထောင်ပေးဖို့လိုကြောင်း။

စိုက်ပျိုးရေးအတွက် လယ်ယာမြေ ပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများ အတွက် လှေငယ်များ၊ ပဲ့ထောင်များ၊ ပဲ့ချိတ်စက်များ၊ ငါးဖမ်းပိုက်များ ကူညီဖြည့်ဆည်းပေးရေးနှင့် ဆားချက်လုပ်ငန်းအတွက် ပွင့်လင်းရာသီအမီ ဆားကွင်းများပြုပြင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း။

လုပ်ငန်းစဉ်များအနေဖြင့် ပထမအဆင့်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဖြစ်သည့် လတ်တလောစားဝတ်နေရေး၊ ဆေးဝါးကုသရေး၊ အမိုးအကာအောက် ရောက်ရှိရေး လုပ်ငန်းများဆောင်ရွက်ရင်း ဒုတိယအဆင့်အနေဖြင့် ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာများပြန်လည် ထူထောင်ရေး၊ ပြန်လည်နေရာချထားရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ကြောင်း။

ရေရှည်ကာကွယ်ရေး

ဒုတိယအဆင့် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရင်း တတိယအဆင့်လုပ်ငန်းများဖြစ်သည့် သဘာဝဘေးဒဏ်မှ ရေရှည်ကာကွယ်ရေးအတွက် လူနေအိမ်ခြေများရှေ့တွင် လေတားရေတား အုန်းပင်များ၊ ကွမ်းသီးပင်များ စိုက်ပျိုးခြင်း၊ လူနေအိမ်ခြေများနောက်တွင် ရေဘေးရှောင်တိမ်းလွတ်ကင်းနိုင်မည့် ကုန်းမြင့်များ တည်ဆောက်ပေးခြင်း၊ လမ်းမများကို တာများသဖွယ် မြှင့်တင်ပေးခြင်း၊ လိုအပ်သည့် တံတားများ တည်ဆောက်ပေးခြင်းစသည်များကို စနစ်တကျတွက်ချက်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နာဂစ် မုန်တိုင်းကျရောက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကိုဖွဲ့စည်းကာ နိုင်ငံတော်အနေဖြင့် မုန်တိုင်းကယ်ဆယ်ရေးအတွက် ကနဦးမတည်ငွေ ကျပ် ငါးဘီလီယံကို ချက်ချင်းခွင့်ပြုပေးခဲ့သည်။

ယနေ့အချိန်တွင် နိုင်ငံတော်မှငွေကျပ် ဘီလီယံ ၅၀ ကျော်ကို လေဘေးဒဏ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲခဲ့ပြီး ဖြစ်သည့်အပြင် နောင်တွင်လည်း နိုင်ငံတော်မှလိုအပ်သလို ဘဏ္ဍာငွေများ ခွင့်ပြုသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်းကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ညနေပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၄၀ တွင် လှိုင်သာယာမြို့နယ်ရှိ အတွင်းပဒံ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအား နိုင်ငံတကာမှ ပေးပို့လှူဒါန်းသည့် ရွက်ဖျင်တဲများဖြင့် အမိုးအကာ လုံခြုံစွာ စနစ်တကျ နေရာချထား ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား အားပေး သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူ များအတွက် ပလတ်စတစ်ပုံးများဖြင့် သောက်သုံးရေပံ့ပိုးပေးထားမှုကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံ တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ၏ ထောက်ပံ့ရေး ပစ္စည်းများ ရရှိမှုအခြေအနေ၊ သုံးရေအတွက် ရေတုံကင်များ တပ်ဆင်ပေးထားမှု၊ ကျန်းမာရေးအတွက် ရေလောင်းအိမ်သာများ တည်ဆောက်ပေးထားမှုနှင့် လှိုင်သာယာမြို့နယ် အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း၏ အမိုးများ ကို ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက် ရတနာပုံ လမ်းရှိ အထူးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကျန်းမာရေးဆေးခန်းနှင့် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံ တွေ့ဆုံအားပေး စကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မောင်းမကန် ကမ်းသာလမ်းရှိ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားကြကာ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပ ကုသိုလ်ပုညဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် မေ ၁၉

ယနေ့သည် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဗုဒ္ဓဆုထူးကို ပန်ဆင်သည့် နိယတဗျာဒိတ်တော်ခံယူသော၊ အမိဝမ်းကြာတိုက်မှ ဖွားတော်မူသော၊ သုံးလူ့ထွတ်ထား သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဖြစ်တော်မူသော၊ ခန္ဓာဇာတ်သိမ်း ကင်းငြိမ်းအမှန် ခန္ဓပရိနိဗ္ဗာန်ဝင်စံတော်မူသော ကဆုန်လပြည့်နေ့သည် နေ့ထူးနေ့မြတ်ကြီးဖြစ်သကဲ့သို့ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော်ရတော်မူရာ မဟာဗောဓိပင်(ဖွားဖက်တော်)ပေါက်ရောက်တော်မူသော နေ့ထူးနေ့မြတ်ကြီးလည်းဖြစ်သည်။

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ယနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ရည်စူး၍ ဗုဒ္ဓဝင်ရေးထုံးနှင့်အညီ ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ပွဲနှင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲတို့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြစမြဲဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တစ်ဝန်းလုံး၌ ဗုဒ္ဓအခါတော်နေ့တွင် ပိုမိုလှုံ့လပြု၍ ကုသိုလ်ပုညဆည်းပူးကြသူ ရဟန်းရှင်လူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ရွှေတိဂုံစေတီ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့) (၂၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် စေတီတော်ရင်ပြင်တော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်ရင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိ ညောင်ပင်တို့အား ရေစင်သွန်းလောင်း ပူဇော်ကြကာ အစီအစဉ်အတိုင်း ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် ရွှေတိဂုံစေတီတော်၌ ဥပုသ်သီလ ဆောက်တည်ကြသူများနှင့် ဘုရားဖူးလာ ပြည်သူများဖြင့် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကားများပြားလျက်ရှိပြီး ဘုရားဖူးလာသူများသည် မဟာဗောဓိညောင်ပင်တွင် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆူးလေစေတီ

အလားတူ ဆူးလေစေတီတော်၏ ၁၃၇၀ ပြည့်နှစ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယနေ့နံနက် ၆နာရီတွင် စေတီတော်ရင်ပြင်ရှိ ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် အမှူးပြုသော သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များတက်ရောက်ကြပြီး စေတီတော်ပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းတော်မူကြသည်။

ဆူးလေစေတီတော်၌ မွန်းလွဲ ၁နာရီတွင် စေတီတော် ဝန်ထမ်းဝတ်အဖွဲ့က ဝတ်ရွတ်ပူဇော်ကြပြီး မဟာဗောဓိညောင်ပင်အား အများပြည်သူများက ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ညောင်ရေသွန်းလောင်း ပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဗိုလ်တထောင်စေတီ

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်တော်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ အခမ်းအနားတွင်မဟာဗောဓိပင်၌ ဆရာတော် သံဃာတော်များက မဟာဗောဓိ ဥဒ္ဒကသိဉ္စနပါဠိတော်များကို ရွတ်ပွားပူဇော်ကြပြီး ဆရာတော်သံဃာတော်များက ကြီးမှူး၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လပြည့်နေ့က ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်တွင် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီ

ထို့အတူ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက်အရုဏ်တက်တွင်ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ရွှေဘုန်းပွင့်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး ဆရာတော် သံဃာတော်များနှင့် ဂေါပကအဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကမ္ဘာအေးစေတီ

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေသွန်း မင်္ဂလာအခမ်းအနားကို စေတီတော်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ အနောက်အရပ်မှ နဂါးမင်း၊ မြောက်အရပ်မှ ဂဠုန်မင်း၊ တောင်အရပ်မှ နတ်မင်း၊ အရှေ့အရပ်မှ ဗြဟ္မာများက ဇယောဟိဗုဒ္ဓဿဂါထာများကို ရွတ်ဆိုကြပြီး ညောင်ရေသွန်းလောင်းကြသည်။

ကျိုက်ဝိုင်းစေတီ

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၏ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ညောင်ရေသွန်းလောင်းပွဲကို နံနက် ၉နာရီက ကျင်းပရာ ဆရာတော်များ ဦးဆောင်၍ ပရိသတ်များက စေတီတော်အား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကြပြီး အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။

အလှူဒါနပြု

ထို့အတူ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ ဘုရား၊ ကျောင်းကန်များ၌လည်း ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ တရားဘာဝနာပွားများကြခြင်းနှင့် အလှူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်နေ့က ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်တွင် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်း

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မတောင်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိ မဟာဗောဓိပင်အား သတ္တမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို ယနေ့နံနက် ၇နာရီကကျင်းပရာ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို **(အပေါ်ပုံ)** တက်ရောက်သွန်းလောင်းပြီး ဂေါပကအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များမှ အမျိုးသမီးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ပြည်သူများပါဝင်၍ စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၉

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိ ကြရာ ကနေဒါနိုင်ငံ ကြက်ခြေနီအဖွဲ့က လှူဒါန်းသော ဆောက်လုပ်ရေးပစ္စည်းမျိုးစုံ စုစုပေါင်း ၁၀တန်ကျော်သည် AN-12 လေယာဉ်ဖြင့် ယနေ့နံနက် ၂နာရီ ၂၅မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ကျန်းမာရေးသုံးပစ္စည်းမျိုးစုံ ၁၀လီတာဆံ့ ရေထည့်ဘူးများ၊ ရေသန့်စောင်နှင့် ပလတ်စတစ်အခင်းများ စုစုပေါင်း တန် ၅၀ခန့်သည် C-130 လေယာဉ် ငါးစင်းဖြင့် နံနက် ၈နာရီ မိနစ် ၂၀၊ ၉နာရီ ၅မိနစ်၊ ၉နာရီ မိနစ် ၄၀၊ ညနေ ၃နာရီနှင့် ညနေ ၃နာရီ ၁၀မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ Baiyoke Hotel Group က လှူဒါန်းသော ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် အဝတ်အထည်များ စုစုပေါင်း ခြောက်တန်ခန့်သည် MAI လေယာဉ်ဖြင့် နံနက် ၁၁နာရီတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုရှိ လူမှုရေးအသင်းအဖွဲ့ တစ်ခုဖြစ်သော Samaritans Purse International Relief မှ လှူဒါန်းသော အဝတ်အစား၊ စောင်၊ တာပေါ်လင်စနှင့် ဆေးဝါးမျိုးစုံ စုစုပေါင်း ၁၂တန်သည် AN-10 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ IFRC မှလှူဒါန်းသော ဆေးပစ္စည်းမျိုးစုံ၊ ရွက်ဖျင်တဲနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၂၄ တန်ခန့်သည် DC-8 လေယာဉ်ဖြင့် ညနေ ၄ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ UNICEF မှ လှူဒါန်းသော ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ စုစုပေါင်း ၃၈ တန်သည် DC-8 လေယာဉ်ဖြင့် ညနေ ၅ နာရီ ၃၅ မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ဖြန့်ဝေပေးပို့

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေငလျင်သတင်း

(မြန်မာစံတော်ချိန် ည ၁၁း၀၀ နာရီ ထုတ်ပြန်ချက်)

၂၀၀၈ ခုနှစ် မေလ ၁၉ ရက် မြန်မာစံတော်ချိန် ည ၉နာရီ ၀၁မိနစ် ၅၀စက္ကန့် တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၁၀၀ ခန့်အကွာ (အင်ဒိုနီးရှား နိုင်ငံ)ပြည်ပနေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ INGO အဖွဲ့ အစည်းများအနေဖြင့် တိုက်ရိုက်လှူဒါန်းသည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ အသိပေးရန်လိုအပ်

ရန်ကုန် မေ ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်ပရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၅၂ဦးတို့အား မေ ၁၈ရက် ညနေ ၄နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး နာဂစ်မုန်တိုင်းဒဏ်သင့် ပြည်သူများကို အကူအညီများ စနစ်တကျဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဓိကထားဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မုန်တိုင်းကျရောက်ပြီးနောက် နိုင်ငံတကာမှ အစိုးရသို့ တိုက်ရိုက်လှူဒါန်းခဲ့သည့် ပစ္စည်းများကို အချိန်မဆိုင်းဘဲ လေဘေးသင့်ဒေသများသို့ ချက်ချင်းပို့ဆောင်ခဲ့ကြောင်း၊ ပို့ဆောင်သည့်ဒေသနှင့် ပစ္စည်းစာရင်းများကိုလည်း တိတိကျကျ မှတ်တမ်းတင်ထားကြောင်း၊ ထို့ပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့များသို့ တိုက်ရိုက်လှူဒါန်းသောပစ္စည်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများက တိုက်ရိုက်ဖြန့်ဝေလှူဒါန်းမှုများရှိကြောင်း၊ ထိုသို့ဖြန့်ဝေရာတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီလက်အောက်ရှိ ဆပ်ကော်မတီများ၊ အဆင့်ဆင့်သော သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီများကို အသိပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများက ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရာ၌ လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ဒေသသို့ လိုအပ်သည့်ပစ္စည်းများ ရောက်ရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ၎င်းအပြင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၁၇ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၃)ဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့်ပတ်သက်၍ မသမာသောသဘောဖြင့် အလွဲသုံးစားမှုမပြုစေရန်နှင့် ဖြစ်ပေါ်လာပါကလည်း ထိရောက်စွာ အရေးယူရန်တို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ ယခုတက်ရောက်လာသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း ဘေးဒုက္ခရောက်နေသော ပြည်သူလူထုများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ မြန်မြန်ဆန်ဆန်ရောက်ရှိ သုံးစွဲနိုင်ရေးကို အဓိကထားဆောင်ရွက်နေကြပြီဖြစ်ရာ အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်းများထံ တိုက်ရိုက်လှူဒါန်းသည့်ပစ္စည်းများနှင့်ပတ်သက်၍ အဆိုပါပစ္စည်းများ ရောက်ရှိမှုအခြေအနေ၊ ဖြန့်ဝေမည့်နေရာများသို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ အသိပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်များသို့ ရောက်ရှိပါကလည်း အဆင့်ဆင့်သော မြို့နယ် သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီများနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဖြန့်ဝေမှုကိစ္စရပ်များကို ဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်ကလည်း လိုအပ်သော အကူအညီများပေးရန် အသင့်ရှိပါကြောင်း၊ ထောက်ပံ့ရန်လိုအပ်သည့်နေရာများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများအနေဖြင့် မိမိတို့ နှီးနွှယ်ဆက်စပ်ဆောင်ရွက်ရန် သတ်မှတ်ပေးထားသည့် ဝန်ကြီးဌာနများနှင့်ဆက်သွယ်၍ လိုအပ်သည့်အကူအညီများကို တောင်းခံဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးပြီးနောက် ရှင်းလင်းပွဲကို ညနေ ၅နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းဆွေးနွေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ မုန်တိုင်းဒဏ်သင့် ပြည်သူများကို အကူအညီများ စနစ်တကျ ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂမှ Under Secretary-General and Emergency Relief Coordinator H.E.Mr. John Holmes နှင့်အဖွဲ့ဝင်များ ဝါးခယ်မမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အမှတ်(၄) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ဒေသခံ ပြည်သူများအား တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

လပွတ္တာ၊ ဘိုကလေးနှင့် ဝါးခယ်မမြို့နယ်များရှိ လေဘေးကယ်ဆယ်ရေးစခန်းများသို့ ကုလသမဂ္ဂမှ ကိုယ်စားလှယ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ၌ရောက်ရှိနေသော ကုလသမဂ္ဂမှ Under Secretary-General and Emergency Relief Coordinator H.E.Mr. John Holmes နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ကုလသမဂ္ဂ ယာယီဌာနေကိုယ်စားလှယ် Mr. Daniel B.Baker နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၉နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း လပွတ္တာမြို့သို့ရောက်ရှိကြရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဦးဆောင်၍ ကုလသမဂ္ဂမှ Under Secretary-General and Emergency Relief Coordinator H.E. Mr. John Holmes နှင့်အဖွဲ့သည် လပွတ္တာမြို့ ရတနာဒီပအားကစားကွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်း၌ တပ်မတော်အထူးအဖွဲ့က လေဘေးသင့်လူနာများအား ဆေးကုသပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ကွပ်ကဲရေးရုံး၌ ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှု၊ လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေမှု၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု၊ လေဘေးသင့်ပြည်သူများ နေထိုင်စားသောက်ရေးအဆင်ပြေအောင် စီစဉ်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့်ဒေသများသို့ သယ်ဆောင် ဖြန့်ဝေပေးပို့နေမှုများကို ရှင်းလင်းပြောကြားပြီး Mr. John Holmes နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ Mr. John Holmes နှင့်အဖွဲ့သည် ကယ်ဆယ်ရေးစခန်းရှိ ရွက်ဖျင်တဲများတွင် လေဘေးသင့်မိသားစုများအား စနစ်တကျနေရာချထားမှုကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ထို့နောက် Mr. John Holmes နှင့်အဖွဲ့သည် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး လူနာများအား ဆေးကုသပေးနေမှုအခြေအနေနှင့် ဆေးရုံပြန်လည်ပြုပြင်ထားရှိတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် Mr. John Holmes နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့၏ ပျက်စီးမှုအခြေအနေများကို လှည့်လည် ကြည့်ရှုလေ့လာကြပြီး ဧရာဝတီ ဆိပ်ခံဖောတံတားသို့ရောက်ရှိကာ ရန်ကုန်မြို့မှ ဗညားဒလရေယာဉ်ဖြင့် သယ်ဆောင်လာသော ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများသို့ လှေ၊ သမ္ဗန်များဖြင့် ချက်ချင်းသယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

စနစ်တကျဆောင်ရွက်

ထိုမှတစ်ဆင့် Mr. John Holmes နှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးတင်အောင်က စက်ဆန်းကျေးရွာတွင် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခံရမှု၊ လေဘေးသင့်မိသားစုများအား စောင့်ရှောက်ထားရှိမှု၊ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြသသည်။

ထို့နောက် Mr. John Holmes နှင့်အဖွဲ့သည် ရွက်ဖျင်တဲများတွင် လေဘေးသင့်မိသားစုများ နေထိုင်စားသောက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် Mr. John Holmes နှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဝါးခယ်မမြို့သို့ ရောက်ရှိကြပြီး ဝါးခယ်မမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အမှတ်(၄)ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြကာ လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများမှ ပြည်သူများအား နေရာချထားပေးမှုကို ကြည့်ရှုလေ့လာကြ၍ သိရှိလိုသည်များကို လေဘေးသင့် ဒေသခံပြည်သူများအား မေးမြန်းကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် Mr. John Holmes နှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဝါးခယ်မမြို့မှ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှအလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၉

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အဆိုပါအလှူရှင်များမှာ ဦးမောင်အေးနှင့် ဒေါ်စွမ်မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးခင်မောင်(ဂျိုးဖြူ)၊ ဒေါ်တင်မြင့် [အထက(၁) ရန်ကင်း] သားသမီးများနှင့် မြေးများက ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ ဦးအုန်းမောင်-ဒေါ်ကျင်လှိုင်၊ သမီး ဒေါ်တင်အုန်းတို့အား ရည်စူး၍ သားသမီးတစ်စုတို့က ငွေကျပ်သုံးသိန်း၊ ဟာဂျီ ဦးခင်မောင်လတ်(တော်ဝင်မြန်မာဆောက်လုပ်ရေးနှင့် Capital Land Co.,Ltd.) က ငွေကျပ် ၁၀သိန်း၊ ဒေါ်စဝ်ရင်ပြုံးနှင့် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးငွေအောင်(ဆက်သွယ်ရေး)နှင့် ဒေါ်ခင်မိမိအောင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးစောလင်းနှင့် ဒေါ်နီလာဝင်း၊ သမီး မခင်ဖြူစောလင်းမိသားစုက ငွေကျပ်နှစ်သောင်း၊ ဦးစိုးလွင်နှင့် ဒေါ်ခင်စန်းရင်မိသားစုက ငွေကျပ် ၁၂၅၀၀၀၊ ဦးဇော်မင်းဦးက ငွေကျပ်တစ်သောင်း၊ ဦးတင်ဦး "စိုး" ဆန်ရောင်းဝယ်ရေး ဘုရင့်နောင်ပွဲရုံက ငွေကျပ်နှစ်သိန်း၊ (ဦးစိုး)-ဒေါ်တင်လှမိသားစုက ငွေကျပ်သုံးသိန်းနှင့် သမီးလေး ဖူးမြတ်ချယ် (မွေးနေ့အလှူ)က ငွေကျပ်နှစ်သောင်းတို့ ဖြစ်သည်။

ယနေ့အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၇၇၅သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ဘိုကလေးမြို့နှင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး ထူးထရေးဒင်းနှင့် အဲပုဂံဝန်ထမ်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၁၉

မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် HTOO Trading Co., Ltd. နှင့် Air Bagan တို့မှ ဝန်ထမ်းများသည် မေ ၆ရက်မှစ၍ ဘိုကလေးမြို့တွင် အခြေချနေထိုင်၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မေ ၁၈ ရက်တွင် ကြိမ်ချောင်းကြီးကျေးရွာသို့သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သောပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ မုန်တိုင်းဒဏ်ခံစားခဲ့ရသော ကျေးရွာပြည်သူများ ကိုယ်စား ဦးထွန်းအောင်ခိုင်နှင့် ဦးဝင်းတို့က လက်ခံရယူကြသည်။ (အပေါ်ပုံ)

နေ့စဉ်ကုသ

ထို့ပြင် အင်္ဂလန်နိုင်ငံ Rotary Club မှ လှူဒါန်းသော Shelter Boxများ အနက်မှ အလုံး ၃၀ကို ပေးအပ်ခဲ့ပြီး ကျေးရွာနေပြည်သူများနေထိုင်ရေး အဆင်ပြေစေရန် ရွက်ဖျင်တဲများကို ကိုယ်တိုင်ကိုယ်ကျ တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြသည်။ HTOO Trading Co., Ltd. နှင့် Air Bagan Co., Ltd. သည် မုန်တိုင်းဒဏ်ခံ ကြိမ်ချောင်းကြီးကျေးရွာနေပြည်သူများ ရွာပြန်လည်ထူထောင်နိုင်ရန်အတွက် ခြောက်လစာ ဆန်အိတ် ၉၀၀၊ ထွန်စက် ၁၅စီး၊ မျိုးစပါး တင်း ၁၀၀၀၀ နှင့် အစားအသောက် ပစ္စည်းများ၊ သောက်သုံးရေရရှိစေရန် ရေစုပ်စက်တစ်လုံး၊ ပန့်နှစ်လုံး တပ်ဆင်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး ကောင်းမွန်စေရန်အတွက် လိုအပ်သော ဆေးဝါးများ အပြင် အိမ်သာသုံးလုံးတို့ကို ဆောက်လုပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ HTOO Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများသည် နေ့စဉ် စက်လှေများဖြင့် လေဘေးသင့် ရွာများသို့သွားရောက်၍ ဆန်၊ ဆီ၊ ဆေးဝါးများ ပို့ဆောင်လှူဒါန်းသည့်အပြင် စေတနာ့ဝန်ထမ်း ဆရာဝန် ၁၀ဦးဖြင့်လည်း လူနာများကို နေ့စဉ်အခမဲ့ လိုက်လံကုသမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ပြန်လည်ပြုပြင်

HTOO Trading Co.,Ltd. နှင့် Air Bagan Co., Ltd. တို့သည် မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဘိုကလေးမြို့ ပြန်လည်ထူထောင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံ၊ အထက (၁)၊ အထက (၂)၊ အလက (၁)၊ အမက အောက်ပိုင်း၊ အမက အောင်သပြေ ဆက်သွယ်ရေးရုံးနှင့် ရုပ်သံထပ်ဆင့်လွှင့်ရုံ၊ မြို့နယ်ဓမ္မာရုံ၊ မြို့နယ်သံဃ နာယက ကျောင်းနှင့် ဘုန်းကြီးကျောင်း လေးကျောင်း တို့ကို ပြန်လည်ပြုပြင် ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။ (က-ပ)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၉

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကိုဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဌာနဆိုင်ရာများနှင့် စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၉၀၀၄၆၃၅၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ကယားပြည်နယ်မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၉၂၈၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်မှတပ်မတော်သားမိသားစုများနှင့်စေတနာရှင်ပြည်သူများက ငွေကျပ် ၃၄၁၀၅၀၀ တန်ဖိုးရှိငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှစေတနာရှင်ပြည်သူများကငွေကျပ် ၁၉ သိန်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၄၈၇၄၅၀ နှင့် ငွေကျပ် ၄၃၁၈၄၈၀၀ တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီသို့လာရောက် လှူဒါန်းငွေကျပ် ၃၇၇၅၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များ၏ ယနေ့ လှူဒါန်းသည့်ငွေနှင့်ထောက်ပံ့ပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၄၆၀၀၆၉၀၀ ဖြစ်ပြီး မေ ၁၉ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေ ၇၈၅၄၈၄၈၉၅၅ ကျပ်ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေရာအနှံ့အပြား မိုးရွာမည်

(မေ ၁၉ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ် ။ ။လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းနှင့်ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီ တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ် အထိလျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၉ဒသမ၃၇လက်မ၊ သထုံမြို့တွင် ၆ဒသမ ၆၉လက်မ၊ လောင်းလုံမြို့တွင် ၅ဒသမ ၅၉လက်မ၊ ထားဝယ်မြို့တွင် ၄ဒသမ၆၁လက်မ၊ မိုးကုတ်မြို့တွင် ၃ဒသမ ၀၀ လက်မ၊ မြစ်ကြီးနားမြို့တို့တွင် ၂ဒသမ ၇၉လက်မ၊ မြိတ်မြို့တွင် ၂ဒသမ ၅၆လက်မ နှင့်မချမ်းဘောမြို့တွင် ၂ဒသမ ၃၆လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအားကောင်းနေပြီး၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် တိမ်ထူထပ်နေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂၀ရက် ညနေအထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲနှင့်ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၀ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ၂၀ရက် ညနေအထိခန့်မှန်းချက်။

မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ၂၀ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၂၈ဒသမ ၉ဒီဂရီစင်တီဂရိတ် (၈၄ဒီဂရီဖာရင်ဟိုက်)	၁၈-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၃ဒသမ ၃ဒီဂရီစင်တီဂရိတ် (၇၄ဒီဂရီဖာရင်ဟိုက်)	၁၉-၅-၂၀၀၈
နံနက် ၉ နာရီခွဲ စိုထိုင်းဆ	၈၉ ရာခိုင်နှုန်း	၁၉-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၀ ဒသမ ၃ နာရီခန့်	၁၈-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၉-၅-၂၀၀၈	Tr	၃ မမ(၀ ဒသမ ၁၂လက်မ)	၁ မမ(၀ ဒသမ ၀၄လက်မ)
၁-၁-၂၀၀၈မှယနေ့အထိ	၆၀၂ မမ(၂၃ ဒသမ ၇၀ လက်မ)	၇၁၀မမ(၂၇ ဒသမ ၉၅ လက်မ)	၇၆၉မမ(၃၀ ဒသမ၂၈ လက်မ)

ရန်ကုန်ကမ္ဘာအေး၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၁၈ရက် ညနေ ၃နာရီခွဲတွင် အနောက်မြောက်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့အလင်း — အင်တာနက် ကျန်းမာရေး

ဆီးသီးခြောက် ပုံမှန်စားသုံးလျှင် လေဖြတ်ရောဂါကာကွယ်နိုင်

ဆီးသီးနှင့် ဆီးသီးခြောက်သည် ပါဝင်သော ဓာတ်ပစ္စည်းများမတူချေ။ သို့သော် ဆီးသီးအမျိုးအစားများ ကွဲပြားစွာရှိရာ ပါဝင်သော ဓာတ်ပစ္စည်းများ အနည်းငယ် ခြားနားမှုရှိသည်။ ထို့အတူ ဆီးသီးခြောက်တွင်လည်း အမျိုးအစားအလိုက် ဓာတ်ပစ္စည်း ပါဝင်ကွဲပြားမှု အနည်းငယ်ရှိသော်လည်း အဓိကဓာတ်ပစ္စည်း ပါဝင်မှုမှာ ကွာခြားမှု သိသာစွာမရှိချေ။

အဓိကပါဝင်

ဆီးသီးခြောက်တွင် အဓိကပါဝင်သော ဓာတ်များမှာ မင်းဂနီးစ်၊ ဗီတာမင်စီ၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီ-၂၊ မဂ္ဂနီဆီယမ်၊ ဗီတာမင်ဘီ-၃၊ ပိုတက်ဆီယမ်၊ အိုမီဂါ-၃၊ ဖက်တီးအက်စစ်၊ ကော့ပါးနှင့် ကယ်လိုရီဓာတ်များ ပါရှိသည်။

အများဆုံး

ဆီးသီးခြောက်၌ အများဆုံးပါဝင်သည့် ဓာတ်များမှာ မင်းဂနီးစ်၊ ဗီတာမင်စီတို့ ဖြစ်ပြီး မင်းဂနီးစ် ၆၂ရာခိုင်နှုန်း၊ ဗီတာမင်စီက ၅၁ ဒသမ ၃ရာခိုင်နှုန်းနှင့် အမျှင်ဓာတ်က ၃၅ရာခိုင်နှုန်း ပါဝင်သည်။

ကာကွယ်ပေးနိုင်

ဆီးသီးခြောက်ကို ယိုအဖြစ်ပြုပြင်ပြီး စားသုံးလျှင် သို့မဟုတ် မူလအတိုင်း သီတင်း တစ်ပတ်လျှင် နှစ်ကြိမ်ခန့် သင့်တင့်မျှတစွာ စားသုံးသွားပါက လေဖြတ်ခြင်းနှင့် နှလုံးရောဂါ တိုက်ခိုက်ခံရခြင်းများ သက်သာ လျော့ပါးစေကြောင်း၊ ထို့အပြင် အူမကြီးကင်ဆာဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များ ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၀-၅-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၆။ တေးဂီတအစီအစဉ်
၈:၃၀ ၇။ International News
၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ တေးဂီတအစီအစဉ်
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၅။ တေးဂီတအစီအစဉ်
၅:၂၀ ၆။ ဆိုကြမယ်ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်--ချစ်တယ်** (အပိုင်း-၂၁)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ မြန်မာ့ရုပ်ရှင် **သိပ်ချစ်တယ် ဒီက** (အပိုင်း-၁) ရန်အောင်၊စိုးသူ၊ မေသဥ္ဇာဦး၊ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-ကျော်ဇောလင်း၊ သမီးငပြာရည်)
၁၆။ အစီအစဉ်ပြီး၏။

ဥတုရာသီ တောကိုမှီ

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်

ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သော ဧရာဝတီတိုင်း ဘိုကလေးမြို့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီး ဆုံးရှုံးခဲ့သည့် ဒေသများအတွက် UNICEF မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

(သတင်းစဉ်)

သယ်ဆောင်

ဧရာဝတီတိုင်း ဖျာပုံမြို့ရှိ လေဘေးသင့် ပြည်သူများအတွက် နိုင်ငံသားကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ ထောက်ပံ့ရေးပစ္စည်းများကို ယာဉ်တန်းများဖြင့် သယ်ဆောင်၍ လှူဒါန်းကြစဉ်။

(သတင်းစဉ်)



မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် IFRC မှ ထောက်ပံ့ရေး ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

(သတင်းစဉ်)

လက်ဝယ်အရောက် ဝေငှပေး

ဧရာဝတီတိုင်း ဖျာပုံမြို့ရှိ လေဘေးသင့် ပြည်သူများအတွက် နိုင်ငံသားကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ စားသောက်ကုန်နှင့် ထောက်ပံ့ရေးပစ္စည်းများကိုလက်ဝယ်အရောက် ဝေငှပေးကြစဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ကွမ်းခြံကုန်းမြို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၇နာရီ မိနစ်၅၀တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့၏ လေဘေးဒဏ်သင့်မှု အခြေအနေနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အောင်ဆန်းသူရိယလှသောင်းအားကစားကွင်းရှိ ကွမ်းခြံကုန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကွမ်းခြံကုန်းဒေသနှင့် ဒေးဒရဲဒေသတို့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လေဘေးဒဏ်ကြောင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတကာမှ ပေးပို့လှူဒါန်းသည့် ရွက်ဖျင်တဲများဖြင့် အမိုးအကာလုံခြုံစွာ ကယ်ဆယ်ကူညီစောင့်ရှောက်ပေးထားသည့် ကွမ်းခြံကုန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ ဆိုလာခာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကွမ်းခြံကုန်းမြို့နယ်၏ ထောက်ပံ့ပစ္စည်းများ ရရှိဖြန့်ဖြူးမှုအခြေအနေ၊ ပထမဦးစားပေးအဖြစ် ဆေးရုံဆေးပေးခန်းများ၊ ဒုတိယဦးစားပေးအဖြစ် စာသင်ကျောင်းများနှင့် တတိယဦးစားပေးအဖြစ် အစိုးရရုံးဌာန အဆောက်အအုံများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို Asia World Co. အား တာဝန်ပေး ဆောင်ရွက်နေသည့်အစီအစဉ်နှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မေးမြန်းညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံတော်အနေဖြင့် မုန်တိုင်းကျရောက်သည်နှင့်တစ်ပြိုင်နက် နှောင့်နှေးခြင်းမရှိဘဲ လေဘေးသင့်ဒေသများနှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းစဉ်(၃)ဆင့်ကို ဦးစားပေးအဆင့်အလိုက် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံတော်မှ ဘဏ္ဍာငွေ ဘီလီယံ ကျပ်(၅၀)ကျော် သုံးစွဲခဲ့ပြီဖြစ်ကြောင်း။

စားဝတ်နေရေး

ပထမဦးဆုံးအနေဖြင့် လေဘေးသင့် ပြည်သူများ၏ လတ်တလော လိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး၊ ဆေးဝါးကုသရေးစသည့် ချက်ချင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို စတင်ဆောင်ရွက်ပေးခဲ့ကြောင်း။

ကယ်ဆယ်ရေးလုပ်ငန်းများ အတော်အသင့် ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေတွင် ဒုတိယအဆင့်အနေဖြင့် ပျက်စီးသွားသော ကျေးရွာများ ပြန်လည်တည်ဆောက်ပေးရေး၊ ယာယီလူနေအဆောက်အအုံများတွင် ဒေသခံများ ပြန်လည်နေထိုင်နိုင်ရေး၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး၊ ကျေးရွာအုပ်စုများအလိုက် ယာယီကျန်းမာရေးစခန်းများ ဖွင့်လှစ်ပေးရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

အသက်မွေးဝမ်းကျောင်း

တစ်ဆက်တည်းမှာပင် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်အောင် လယ်ယာမြေပြုပြင်မှု၊ ကျွဲ၊ နွားနှင့် လယ်ထွန်စက်ငယ်များ ပံ့ပိုးပေးမှု၊ ပဲ့ထောင်လှေများ၊ ငါးဖမ်းပိုက်များ ဖြည့်ဆည်းပေးမှုလုပ်ငန်းများကို စတင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တတိယအဆင့်အနေဖြင့် နောင်ကာလများတွင် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်မည့် ရေလွတ်ကုန်းမြင့်များ၊ ရေတားလေတားသစ်ပင်များ တည်ဆောက်စိုက်ပျိုးရေးတို့အပြင် ကျေးရွာချင်းဆက်လမ်းများကို ရေလွတ်အောင် လမ်းအမြင့်များ ပြန်လည်တည်ဆောက်ပေးရေးတို့ကို စီမံဆောင်ရွက်ဖို့လိုကြောင်း။

ရည်မှန်းချက်

ဤလုပ်ငန်းစဉ် (၃)ဆင့်နှင့်အညီ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးကာကွယ်ရေး လုပ်ငန်းများကို ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတကာမှ ပေးပို့လှူဒါန်းထားသည့် ရွက်ဖျင်တဲများဖြင့် အမိုးအကာလုံခြုံစွာ ကယ်ဆယ်ကူညီစောင့်ရှောက်ပေးထားသည့် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေးစကားပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှု

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၁၀မိနစ်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာအုပ်စု အပါအဝင် လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်စောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကယ်ဆယ်ရေးစခန်းဆေးပေးခန်း၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံအားပေး

ယင်းနောက် ဆိုလာခာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် CDMA ဆက်သွယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ အဝီစိတွင်းမှရေကို ရေသန့်စင်စက်ဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု၊ Gas မီးဖိုများဖြင့် ချက်ပြုတ်စားသောက်ရေးအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

အနီးကပ်ကြီးကြပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့သို့ရောက်ရှိကြရာ နယ်မြေအတွင်း ကယ်ဆယ်ရေး၊ ထူထောင်ရေးလုပ်ငန်းများ ရောက်ရှိဆောင်ရွက်နေသည့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ အနီးကပ်ကြီးကြပ် ဆောင်ရွက်နေသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်ထူထောင်ရေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်ရေးချုပ်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့လိုက်ပါလျက် ဖျာပုံမြို့၏ လေဘေးဒဏ်ကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆရာဇော်ဂျီ ရာပြည့်ခန်းမသို့ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့၏ လေဘေးဒဏ်ကြောင့် မြို့နယ်များအတွင်း ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ ထောက်ပံ့ရေးပစ္စည်းများ ရရှိဖြန့်ဖြူးပေးမှု၊ ရေသန့်ရရှိရေးဆောင်ရွက်ထားမှု၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းများ၊ ဒေသခံကျန်းမာရေးအဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံမှ ဆရာဝန်များအဖွဲ့တို့ ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု၊ ကူးစက်ရောဂါများ မဖြစ်ပွားရေး ဆောင်ရွက်ထားရှိမှု၊ ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီနှင့် ပြည့်ဖြိုးကျော်ကုမ္ပဏီတို့အား တာဝန်ပေးလျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သွက်လက်ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများ လမ်းညွှန်မှာကြားပြီးနောက် နိုင်ငံတော်တည်ဆောက်ရေး၌ နိုင်ငံတော်အစိုးရချည်းသက်သက် ဆောင်ရွက်၍မရနိုင်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အင်အားစု(၃)ရပ် ညီညွတ်စွာပူးပေါင်းတည်ဆောက်မှ အောင်မြင်နိုင်မည်ဆိုသည့် ခံယူချက်သည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်ကြောင်း၊ ဤမူဝါဒခံယူချက်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို စတင်ရယူခဲ့ရချိန်မှ စတင်၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းညီညွတ်သည့်စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်ကြောင်း။

ရင်ဆိုင်ကျော်လွှား

ဤစွမ်းအားစု(၃)ရပ်၏ ညီညွတ်သည့် အားမာန်စွမ်းအားဖြင့် မည်သည့်အကျပ်အတည်း အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း။

ယခုမုန်တိုင်းဒဏ် ကျရောက်ခဲ့ရာ၌လည်း ဤပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့်ပင် နိုင်ငံတော်ကို ပြန်လည်ထူထောင်နေခြင်းဖြစ်ကြောင်း၊ ရှေ့အဖို့မှာလည်း ဤမူဝါဒခံယူချက်နှင့်ပင် မိမိနိုင်ငံ မိမိ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ရာ ရေရှည်တွင်လည်း အောင်မြင်မှုများရရှိမှာ အမှန်ပင်ဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်

ယခု လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများအပြင် ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်နိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ရေရှည် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ပင်လယ်ပိုင်းဒေသများတွင် ကမ်းခြေအထိရောက်အောင် လမ်းများဖောက်လုပ်ရင်း ရေဘေးလွတ်အောင် တိမ်းရှောင်နိုင်ရေးအတွက် လမ်းများကို မြင့်မားစွာ တည်ဆောက်ပေးရန်လိုကြောင်း၊ ပင်လယ်ပိုင်းကျေးရွာများတွင် ရေဘေးလွတ်ကင်းနိုင်သည့် ကုန်းအမြင့်များလည်း တည်ဆောက်ပေးရန်ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဒေသတစ်ခုလုံးအတွက် မိမိစွမ်းအားဖြင့် မိမိ ဆောင်ရွက်နိုင်အောင် Self-Contanied ဖြစ်အောင် ဆေးရုံများ၊ ဆေးပေးခန်းများကို အကွက်ချလျက် ဆက်စပ်မိအောင် အဆင့်မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ မြို့ကြီးများတွင် ခုတင်(၂၀၀)ဆံ့၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံများ အဆင့်မြှင့်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆက်မိအောင် အချက်အချာကျသည့် ကျေးလက်ဒေသများ၌ ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်ပေးရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းအမှတ်(၁)သို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား အမိုးအကာလုံခြုံစွာ စနစ်တကျနေရာချထားပေးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကြသည်။

သောက်ရေသန့်

ဆက်လက်၍ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြေရေစစ်အိုးစီမံချက်ဖြင့် မိသားစု သောက်ရေသန့် ရရှိရေးဆောင်ရွက်ပေးထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ ရောက်ရှိကြပြီး ဒေးဒရဲမြို့၏ လေဘေးဒဏ်သင့်ခံရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်လမ်းရှိ ကွပ်ကဲရေးရုံးရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လေဘေးဒဏ်ကြောင့် ဒေးဒရဲမြို့၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ရရှိဖြန့်ဖြူးပေးမှု၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အေဒင်အုပ်စုကုမ္ပဏီအား တာဝန်ပေးအပ်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ပြုပြင်မှုတင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက တိုင်းအတွင်း စပါးဖူလုံပိုလျှံမှု၊ ဆန်စက်များ ပြန်လည်လည်ပတ်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လယ်ယာမြေ ပြန်လည်ပြုပြင်ရေးနှင့် တာတမံများကြံ့ခိုင်အောင် ပြန်လည်ပြုပြင်တည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အားပေးစကားပြော

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲ တံတားအနီးရှိ ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ လေဘေးသင့်ပြည်သူများအား အမိုးအကာလုံခြုံစွာ စနစ်တကျနေရာချထားပေးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ဆေးပေးခန်းရှိ ဆရာဝန် ဆရာမများအား ကယ်ဆယ်ရေးစခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေရသည့်အခြေအနေများကို မေးမြန်းပြီး ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လိုက်ပါ၍ မေ ၁၈ရက် မွန်းလွဲပိုင်းတွင် ပုသိမ်လေဆိပ်မှ ဆန်အိတ်များကို တပ်မတော် ရဟတ်ယာဉ်ဖြင့်တင်ဆောင်၍ လပွတ္တာမြို့သို့ရောက်ရှိပြီး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများနှင့်အတူ လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာသို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်ရေးချုပ်နှင့် အဖွဲ့သည် တင်ဆောင်လာသော ဆန်အိတ်များကို တာဝန်ရှိသူများထံ ပေးအပ်ပြီး နေရာချထားပေးသည့် ရွက်ဖျင်တဲများအတွင်းရှိ လေဘေးသင့်ပြည်သူများ၏ နေထိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အချိန်နှင့်တစ်ပြေးညီ

ယင်းနောက် စစ်ရေးချုပ်က တာဝန်ရှိသူများအား မိမိတာဝန်ယူရသည့်ဒေသရှိ ကျေးရွာများမှ ပြည်သူများ အငတ်ဘေးနှင့် ကျန်းမာရေးပြဿနာများ မပေါ်ပေါက်စေရန် ဆောင်ရွက်ရေး၊ ကျေးရွာများရှိ လူဦးရေစာရင်းကို ကောက်ယူ၍ လိုအပ်သော စားနပ်ရိက္ခာနှင့် ဆေးဝါးများ တွက်ချက် တောင်းခံရေး၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ နေအိမ်များကို ယာယီမဖြစ်စေဘဲ အမြဲတမ်း နေထိုင်နိုင်သည့် အဆောက်အအုံများ အဖြစ် စီစဉ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်က လေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်မှန်သမျှကို ထောက်ပံ့ပေးသွားမည်ဖြစ်ရာ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မှုများ တင်ပြရေး၊ မိမိတာဝန်ကျရာ ဒေသ ကျေးရွာအနှံ့စက်လှေများဖြင့် စားနပ်ရိက္ခာ၊ ဆေးအကာအကွယ်ပေးအဖွဲ့နှင့် ဆေးဝါးများ တင်ဆောင်သွားရောက်၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးရေးနှင့် ယခုအခါရှေ့တန်းစခန်း ဖွင့်လှစ်ထားသည့် ကျေးရွာများအထိ တယ်လီဖုန်းများ တပ်ဆင်ထားပြီးဖြစ်သဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် စစ်ရေးချုပ်နှင့် ဝန်ကြီးတို့သည် လပွတ္တာမြို့ ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်စစ်ဆေးကာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဧရာဝတီတိုင်းအတွင်းမှ လေဘေးသင့်ဒေသများရှိ ကျေးရွာများအရောက် လှည့်လည်ဆေးဝါးကုသပေးရန် သင်္ဘောများဖြင့်ထွက်ခွာသွားကြမည့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များနှင့် အမျိုးသားသူနာပြုများအား ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

လေဘေးသင့်ဒေသများရှိကျေးရွာများအရောက် လှည့်လည်ဆေးဝါးကုသပေးမည့် သင်္ဘောများထွက်ခွာ

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်းအတွင်းမှ လေဘေးသင့်ဒေသများရှိ ကျေးရွာများအရောက် လှည့်လည်ဆေးဝါးကုသပေးမည့် သင်္ဘောသုံးစင်းသည် ယနေ့နံနက် ၈နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့ ဝါးတန်းလမ်းဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါသင်္ဘောများဖြင့် လိုက်ပါဆေးဝါးကုသပေးကြမည့် ဆရာဝန်များအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

သင်္ဘောသုံးစင်းအနက် ဘိုကလေးမြို့နယ်သို့ထွက်ခွာမည့် တိုင်းဧသင်္ဘောတွင် သမားတော်ကြီးတစ်ဦး၊ အထူးကုဆရာဝန်နှစ်ဦး၊ အထွေထွေရောဂါကုဆရာဝန် ရှစ်ဦးနှင့် အမျိုးသားသူနာပြုတစ်ဦး၊ ဖျာပုံမြို့နယ်သို့ ထွက်ခွာမည့် တတိုင်းမွှေးသင်္ဘောတွင် သမားတော်ကြီးတစ်ဦး၊ အထူးကုဆရာဝန်သုံးဦး၊ အထွေထွေရောဂါကုဆရာဝန်ခုနစ်ဦးနှင့် အမျိုးသားသူနာပြုတစ်ဦး၊ လပွတ္တာမြို့နယ်သို့ထွက်ခွာမည့် ဝေသန္တရာသင်္ဘောတွင် သမားတော်ကြီးတစ်ဦး၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး၊ အထူးကုဆရာဝန်သုံးဦး၊ အထွေထွေရောဂါကုဆရာဝန်ခြောက်ဦးနှင့် အမျိုးသားသူနာပြုတစ်ဦးတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ များ ရောက်ရှိ

ရန်ကုန် မေ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dr.Xiang Shi Ping ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင် ၅၀တို့သည် မေ ၁၈ရက် ည ၁၀နာရီခွဲနှင့် ည ၁၁နာရီခွဲတို့တွင် IL-76 လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းအဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Guan Mui နှင့်တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းအဖွဲ့နှင့်အတူ လူနာတင်ယာဉ် နှစ်စီး၊ မီနီဘတ်စ်နှစ်စီး၊ ဆေးဝါးမျိုးစုံနှင့် အစားအသောက်များ စုစုပေါင်း ၃၂တန် ပါရှိလာကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် ရခိုင်မိသားစုများလှူဒါန်းမည်

ရန်ကုန် မေ ၁၉

မုန်တိုင်းဒဏ်ခံခဲ့ရသော လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်ရောက် ရခိုင်လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်မိသားစုများနှင့် အခြားပါဝင်ကူညီလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် အလှူငွေများနှင့် အစားအစာ၊ အဝတ်အထည် (အဟောင်း၊အသစ်)၊မိုးရေကာဖျင်၊ ဆေးဝါးစသည့်ကယ်ဆယ်ရေးပစ္စည်းများထည့်ဝင်လှူဒါန်းကြပါရန်နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးဘိုးတင် ဖုန်း-၀၉-၅၀-၀၆၉၂၆၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀၊ ဦးကျော်မောင် ဖုန်း-၀၉-၅၁-၄၅၁၀၅၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁-၀၄၉၀၁၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀-၂၁၄၃၂၊ ဦးထွန်းသိန်း ဖုန်း-၀၉-၅၁-၈၁၈၈၉နှင့် ဓညဝတီသာသနာပြုကျောင်းတိုက် ဦးထောင်ဘိုလမ်းနှင့် ရေတာရှည်လမ်းဟောင်းထောင့် ဗဟန်းမြို့နယ်သို့ (ရုံးချိန်)အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၉ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် လဲပြိုသွားသော သစ်ပင်သစ်ကိုင်းများကို အင်းတိုင်တပ်နယ်မှ တပ်မတော်သားများနှင့် ဆောက်လုပ်ရေးယန္တရားတပ်ခွဲ(တောင်)မှ စက်ယန္တရားများဖြင့် ဖယ်ရှားသယ်ယူ အပြောင်ရှင်းဆောင်ရွက်နေသည်ကို မြန်မာ့ဂုဏ်ရည်လမ်းတွင် တွေ့ရစဉ်။ (၁၂၃)

မြေအုတ်တို့ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်ကြကုန်အံ့

ကမ္ဘာပေါ်မှာ သဘာဝဘေးအန္တရာယ်ဆိုတာ ဟိုးကမ္ဘာဦး အစကတည်းကရှိခဲ့ပြီး ဒေသတိုင်း၊ နိုင်ငံတိုင်း ဒီဘေးဒဏ်ကို တစ်ချိန်မဟုတ်တစ်ချိန် ခံခဲ့ကြရတာပါပဲ။ ငလျင်လှုပ်မယ်၊ မုန်တိုင်းတိုက်မယ်၊ ရေကြီးမယ်၊ မီးတောင်ပေါက်ကွဲမယ်ဆိုတာတွေကစပြီး နောက်ဆုံး ဆူနာမီဆိုတာအထိ ဒေသတိုင်း၊ ပြည်သူတိုင်း မလွဲမသွေ တွေ့ရကြုံရ၊ ခံစားကြရစမြဲပါ။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီဆိုတိုင်းလည်း ဒီအန္တရာယ်ရဲ့ အဖျက်စွမ်းအားပြင်းထန်ကြီးမားမှုအပေါ် မူတည်ပြီး ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုတွေ၊ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်ဆိုးတွေကို မလွဲမသွေ တွေ့ကြုံခံစားကြရလေ့ရှိပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဆိုတာ ဘယ်သူမှ လွန်ဆန်လို့မရနိုင်တဲ့၊ ဘယ်သူမှ ရှောင်လွှဲလို့ မတတ်နိုင်တဲ့ သဘာဝဖြစ်စဉ်ကြီးပါပဲ။

ကျွန်တော်တို့နိုင်ငံမှာလည်း မကြာသေးမီက "နာဂစ်"ဆိုင်ကလုန်းမုန်တိုင်းကြီးရဲ့ဒဏ်ကို နဖူးတွေ့၊ ဒူးတွေ့ခံစားခဲ့ကြရပါပြီ။ တကယ်တော့ မုန်တိုင်းမှာ လိပ်စာရေးမထားပါဘူး။ သဘာဝအလျောက် ရာသီဥတုအပေါ် မူတည်ပြီး သူ့သဘောသူဆောင်၊သူဝင်ချင်ရာဝင် မွှေသွားတာမျိုးပါ၊ ကျွန်တော်တို့မှာလည်း တစ်သက်နဲ့တစ်ကိုယ် မုန်တိုင်းဆိုတာ ဒီလောက်ကြီးကြီးမားမား တစ်ခါမှမကြုံခဲ့ကြဖူးလေတော့ ဒီလောက်ကြီး ပျက်စီးဆုံးရှုံးမှု ကြီးမားလိမ့်မယ်လို့ မထင်ခဲ့တာအမှန်ပါ။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတွေကနေ မုန်တိုင်းသတင်းကို အစောကြီးကြိုပြီး သတိပေးချက်တွေ ထုတ်လွှင့်ပေးနေပေမယ့် "မုန်တိုင်းများဟာ အချိန်တန်ရင် သူ့သွားနေကျ လမ်းကြောင်းအတိုင်း သူ့ဝင်နေကျနေရာကို ချိုးကွေ့ပြီး ဝင်သွားလိမ့်မပေါ့"ဆိုတဲ့ အတွေးမျိုးနဲ့ ခပ်ပေါ့ပေါ့သဘောထားခဲ့တာလည်း အမှန်ပါပဲ။ မကြုံဖူးတော့ ကြောက်ရကောင်းမှန်း မသိတာလည်း ပါတာပေါ့ဗျာ။

ဘာပဲဖြစ်ဖြစ် မုန်တိုင်းကတော့ လွန်ခဲ့ပါပြီ။ မုန်တိုင်းလွန်ရင် လေနုအေးလေး လာတတ်တယ်လို့ ရှေးဝတ္ထုရေး ဆရာတွေ တဖွဲ့တနွဲ့ရေးထားခဲ့သမျှ အသည်းထဲစွဲနေအောင် ဖတ်ခဲ့ကြားခဲ့ဖူးပေမယ့် အခုတော့ မုန်တိုင်းအလွန်မှာ မုတ်သုံက ကပ်လျက်ပါလာတော့ ဘယ်မှာ လေနုအေးနိုင်တော့မလဲဗျာ။ မိုးထဲလေထဲမှာပဲ ကြဲ့ကြဲ့ခံပြီး ရုန်းကြ ကန်ကြရတယ်လေ။ ဒါလည်း သဘာဝတရားပေမို့ ရှောင်လွှဲလို့ မရနိုင်ပေဘူးပေါ့။

ဘာပဲဖြစ်ဖြစ် မုန်တိုင်းနဲ့ပတ်သတ်တဲ့ ဖြစ်စဉ်ဖြစ်ရပ်သတင်းတွေကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတွေကနေ အချိန်နဲ့အမျှ ဦးစားပေးထုတ်လွှင့်ပေးနေလို့ မုန်တိုင်းနဲ့ပတ်သက်တဲ့ အခြေအနေမှန်တွေကို ကျွန်တော်တို့အားလုံး အချိန်မဆိုင်း မြင်တွေ့ကြားသိခွင့်ရနေပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မုန်တိုင်းပြီးပြီးချင်း မေလ ၃ ရက်နေ့ကစပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကွင်းဆင်းလှည့်လည် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးနေသလို ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေလည်း နယ်မြေအလိုက်ခွဲပြီး ကျေးရွာတွေအရောက် ကွင်းဆင်းဆောင်ရွက်ကြ၊ ရေတပ် ဗိုလ်ချုပ်ကြီးတို့၊ စစ်ရေးချုပ်တို့ အပါအဝင် တိုင်းမှူး၊ တပ်မမှူးတွေမကျန် မိုးထဲရေထဲမှာ မုန်တိုင်းဒဏ်ခံ ပြည်သူတွေနဲ့ တစ်သားတည်း ထိတွေ့ဆက်ဆံပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးကြ၊ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်တွေ၊ တာဝန်သိ ပြည်သူတွေ စုစုစည်းစည်းနဲ့ ရှင်းကြလင်းကြ၊ ကယ်ကြဆယ်ကြ၊ ထောက်ပံ့ကြ၊ ပေးဝေကြနဲ့ အားကြိုးမာန်တက် တက်ညီလက်ညီ တာဝန်ကိုယ်စီထမ်းနေတာကို တွေ့ရပြန်တော့ မုန်တိုင်းဒဏ်ခံ ဒုက္ခသည်တွေအတွက်လည်း တစ်အားတက်မိပါရဲ့။

နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ကယ်ဆယ်ရေးစခန်းတွေမှာ လိုက်လံအားပေးရင်း ကလေးငယ်တွေကို မုန့်ပဲသရေစာတွေ ဝေငှပေးနေတာတွေ၊ ထမင်းနဲ့ဟင်း ကိုယ်တိုင်ထည့်ပေး ကျွေးမွေးနေတာတွေ မြင်ရတော့ ဒုက္ခသည်တွေကိုယ်စား ကျေးဇူးတင်လွန်းလို့ မျက်ရည်များတောင် လည်မိပါရဲ့။ ဝန်ကြီးချုပ်ကိုယ်တိုင် မုန်တိုင်းဒဏ်သင့် ပြည်သူတွေကြားရောက်နေပြီး ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်နေပြီဆိုမှတော့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်တွေ အားလုံးဟာ မုန်တိုင်းဧရိယာထဲမှာ အကြားအလပ်မရှိ အပြည့်အဝ တာဝန်ထမ်းဆောင်နေကြပြီဆိုတာ ပြောဖို့တောင် မလိုတော့ပါဘူး။ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တကယ့်မြေပြင်မှာ တကယ်လုပ်ပြီး တကယ်ကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်မှုတွေ ပေးနေပါလားဆိုတာ မျက်မြင်ကိုယ်တွေ့ပါပဲ။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ စေတနာရှင်ပြည်သူတွေ၊ လူမှုရေးအသင်းအဖွဲ့ဝင်တွေ၊ ရုပ်ရှင်ဂီတ အနုပညာရှင်တွေစသည်ဖြင့် အားလုံးဟာ အားတက်သရော ငွေအား၊ လူအား၊ စေတနာအားတွေနဲ့ အင်တိုက်အားတိုက် ပါဝင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်နေကြတာပါ။ ဒါတွေကိုကြည့်ရင် အခုလို အင်အားကြီးမားပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်းမျိုးနဲ့ ပတ်သက်လို့ အတွေ့အကြုံမရှိခဲ့ပေမယ့် ကျွန်တော်တို့ဟာ တကယ်တမ်း အရေးကြုံလာတော့ သက်လုံကောင်းကြတယ်၊ ကျွန်တော်တို့အားလုံးမှာ မိသားစုစိတ်ဓာတ် ရှိကြတယ်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာကြတယ်၊ အရေးကြီးရင် သွေးစည်းလက်တွဲကြတယ်ဆိုတာ တကယ့်ကို ပီပီပြင်ပြင် နားလည်ခံစား အားတက်မိပြန်ပါတယ်။

ပြည်တွင်းအင်အားစုတွေနဲ့ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံခံ ရင်ဆိုင်ကျော်လွှားနေသလို တစ်ဖက်ကလည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အထောက်အကူ ငွေကြေး၊ ပစ္စည်းတွေကိုလည်း ဖိတ်ခေါ်ခဲ့တဲ့အတွက် နိုင်ငံတကာအထောက်အပံ့တွေ ဝင်လာမစဲ တသဲသဲပါပဲ။ အိန္ဒိယသမ္မတနိုင်ငံက သင်္ဘောကြီးတွေရောက်လာခဲ့သလို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းလိုက်တဲ့ နိုင်ငံတကာလေကြောင်းလိုင်းမျိုးစုံက လေယာဉ်တွေကလည်း နေ့စဉ် နေ့စဉ် မနည်းလှပါဘူး။ အခုဆိုရင် လေယာဉ်ပျံ အခေါက်ပေါင်း ၁၆၅ခေါက်ရှိခဲ့ပါပြီ။ နိုင်ငံတကာကပို့တဲ့ ငွေကြေးပစ္စည်းတွေ အပါအဝင် ပြည်တွင်းက စေတနာရှင်ပြည်သူတွေရဲ့ လှူဒါန်းမှုအစုစုကို လေယာဉ်ကြီးပေါ်က သယ်ချပေးနေတာတွေ၊ မော်တော်ကား၊ ရဟတ်ယာဉ်၊ ပြည်တွင်းရေကြောင်းသင်္ဘော၊ အရပ်သင်္ဘော၊ တပ်မတော်(ရေ) စစ်သင်္ဘောတွေပါမကျန် တင်ဆောင် ပေးပို့ဖြန့်ဖြူးနေတာတွေ၊ မုန်တိုင်းဒဏ်သင့်သူတွေ လက်ဝယ်အရောက် ဝေငှထောက်ပံ့ အားပေးနေတာတွေ၊ ကယ်ဆယ်ရေးစခန်းတွေက ရွက်ဖျင်မိုးကာတဲကြီးတွေရဲ့အောက်မှာ လုံခြုံအေးချမ်းစွာ နားခိုခွင့်ရနေပြီဖြစ်တဲ့ မုန်တိုင်းသင့်ပြည်သူတွေရဲ့ ကရုဏာသက်ဖွယ် မျက်နှာလေးတွေ၊ မိုးထဲရေထဲမှာ မုန်တိုင်းသင့် ပြည်သူကြားထဲအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ကွင်းဆင်းကုသ ဆောင်ရွက်ပေးနေတာတွေ၊ မိုးထဲရေထဲမှာ ကယ်ဆယ်ရေးပစ္စည်းတွေ ထမ်းပိုးသယ်ဆောင်ဝေငှရင်း ပြည်သူ့ဒုက္ခကို ကိုယ့်ဒုက္ခလို ကိုယ်နဲ့ထပ်တူခံစား ပေးဆပ်နေကြတဲ့ တပ်မတော်သားတွေ၊ တာဝန်သိ လူငယ်တွေရဲ့ အားမာန်တွေ စသဖြင့် ဒီမြင်ကွင်း၊ ဒီပုံရိပ်တွေဟာ သဘာဝဘေးဒဏ်ကို နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ ကျောချင်းကပ် ရင်ချင်းအပ်ပြီး ကြံ့ကြံ့ခံခံ ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်စွမ်းရှိတယ်ဆိုတာကို သက်သေဖော်ညွှန်း သမိုင်းမော်ကွန်းတင်နေပါပြီ။

ကျော်မင်းလှူ (ရွှေပြည်သာ)

တကယ်တော့ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏက မသေးလှပါဘူး။ လူ့အသက်ပေါင်း သောင်းချီပြီး သေကျေပျက်စီး ပျောက်ဆုံးခဲ့ရသလို ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ၊ ကောက်ပဲသီးနှံတွေ၊ လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကဘက်က လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းတွေ ပျက်စီးသွားခဲ့ရသလို နိုင်ငံတော်အပိုင်းကလည်း လျှပ်စစ်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေနဲ့ လူမှုအဆောက်အအုံတွေ အများအပြားပျက်စီးခဲ့ရတာပါပဲ။ ဒါ့အပြင် အခုကျရောက်ခဲ့တဲ့ သဘာဝဘေးနယ်မြေဟာ ဧရိယာအားဖြင့် အင်မတန်ကျယ်ပြန့်ပြီး အချို့နေရာတွေမှာတော့ လမ်းပန်းဆက်သွယ်ရေးအရ ရေကြောင်းကိုသာ အားထားရတဲ့ နေရာတွေဖြစ်ပါတယ်။ မုန်တိုင်းနဲ့အတူ တစ်ပါတည်းဝင်ရောက်လာတဲ့ ဒီရေလှိုင်းလုံးကြီးတွေရဲ့ ဒဏ်ကိုလည်း ဧရိယာ စတုရန်းမိုင် ၂၀၀၀ ခန့် ရေလွှမ်းမိုး နစ်မြုပ်သည်အထိ အပြင်းအထန် ခံစားခဲ့ရပါတယ်။ ဒါတွေကို ကယ်ဆယ်ဖို့၊ ပြန်လည်ထူထောင်ဖို့၊ ပြန်လည်တည်ဆောက်ဖို့ဆိုတာ သာမန်အားဖြင့် မလွယ်လှတဲ့အခြေအနေမျိုးပါ။

သို့သော် မလွယ်လှပေမယ့် တကယ်လုပ်တော့ အဟုတ်ဖြစ်ခဲ့ပါပြီ။ **"အသက်ရှင် ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်နေထိုင်ရမယ်"**ဆိုတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဩဝါဒနဲ့အညီ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို ချက်ချင်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ဒီနေ့ ကယ်ဆယ်ရေးစခန်းတွေမှာ သိန်းနဲ့ချီတဲ့ မုန်တိုင်းဒဏ်သင့်ပြည်သူတွေကို မြင်တွေ့ခွင့်ရနေပါပြီ။ ဒီလိုအခြေအနေဖြစ်လာအောင် တပ်မတော်(ကြည်း) ရဲဘော်တွေက ကုန်းတွင်းပိုင်းတွေမှာ ဖြန့်ခွဲရှာဖွေကယ်ဆယ်ခဲ့သလို တပ်မတော်(ရေ) စစ်ရေယာဉ်တွေကလည်း မြစ်ဝကျွန်းပေါ် မြစ်ချောင်းအနှံ့ လှည့်လည်ရှာဖွေ ကယ်တင်ပေးခဲ့ရတာပါ။ အလားတူ တပ်မတော်(လေ) ရဟတ်ယာဉ်တွေကလည်း လေကြောင်းက လှည့်လည်ဝဲပျံပြီး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပါတယ်။ ကြုံတုန်းပြောရရင် တပ်မတော်(ရေ)စစ်သင်္ဘောတွေဟာ မြစ်တွင်းပိုင်းသာမက ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ရင်း သမီးလုကျွန်းတောင်ဘက်မှာ သောင်တင်နေတဲ့ ပနားမားနိုင်ငံ မှတ်ပုံတင် Comsic Leader ဆိုတဲ့ ကုန်တင်သင်္ဘောပေါ်က နိုင်ငံခြားသား သင်္ဘောသား ၁၈ ဦးကိုပါ ကယ်တင်ပေးနိုင်ခဲ့ပါသတဲ့။ မိုးထဲရေထဲ၊ လှိုင်းထဲလေထဲမှာ တကယ့်ကို သက်စွန့်ဆံဖျား ရှာဖွေကယ်ဆယ်ခဲ့ကြရတာပါပဲ။

မုန်တိုင်းဒဏ်သင့် ဒုက္ခသည်တွေကို ကာကွယ်စောင့်ရှောက်ရာမှာ အရေးပေါ် ကယ်ဆယ်ရေးအပိုင်း (Rescue Phase)၊ ကူညီစောင့်ရှောက်ရေးအပိုင်း (Relieve Phase)နဲ့ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်နေရာချထားရေးအပိုင်း (Rehabilitation & Resettlement Phase) ဆိုပြီး သုံးပိုင်းရှိပါတယ်။ ဒီလုပ်ငန်းတွေအတွက် နိုင်ငံတော်အနေနဲ့ ကနဦးမတည်ငွေကျပ် ငါးဘီလီယံကို ချက်ချင်းခွင့်ပြုခဲ့ပြီး လက်ရှိမှာတော့ ကျပ် ဘီလီယံ ၅၀ကျော် သုံးစွဲခဲ့ပြီးပါပြီ။ နိုင်ငံတော်အပိုင်းက ကျခံငွေအပြင် ပြည်တွင်းပြည်ပ စေတနာရှင်များရဲ့ ပေးပို့လှူဒါန်းမှုတွေကလည်း မနည်းမနောပါ။ မေ ၁၈ ရက်နေ့အထိ စာရင်းများအရ ပြည်တွင်းက ငွေ+ပစ္စည်း ကျပ် ၇ ဒသမ ၈၀၈ ဘီလီယံ၊ ပြည်ပက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ သန်းနဲ့ ကယ်ဆယ်ရေးပစ္စည်း ၂၆၇ ဒသမ ၁၀ တန်ရှိခဲ့ပါပြီ။ ဆက်ပြီးလည်း အားတက်သရော ထောက်ပံ့လှူဒါန်း ကူညီကြဦးမှာပါပဲ။ တကယ့်ကို ကျေးဇူးတင်ဖို့ကောင်းလှပါတယ်။

ဒီအကူအညီ အထောက်အပံ့တွေကို မုန်တိုင်းဒဏ်သင့် ပြည်သူတွေလက်ဝယ်ကို အချိန်မဆိုင်းအမြန်ဆုံးရောက်ရှိသုံးစွဲနိုင်အောင် နိုင်ငံတော်အပိုင်းက အလေးအနက်ထား ကြိုးပမ်းနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အလှူငွေနဲ့ပစ္စည်းတွေကို လက်ခံရေးနဲ့ ကြီးကြပ်ရေးအဖွဲ့က စာရင်းဇယားနဲ့ စနစ်တကျလက်ခံပြီး ပြန်လည်ထူထောင်ရေးနဲ့တည်ဆောက်ရေးဆပ်ကော်မတီက သက်ဆိုင်ရာ မုန်တိုင်းဒဏ်သင့်ဒေသများကို အချိန်မဆိုင်း ပေးပို့ဖြန့်ဖြူးထောက်ပံ့နေတာကိုလည်း အတိုင်းသား တွေ့မြင်နေရတာပါပဲ။ ပို့ရတဲ့ပစ္စည်းတန်ချိန်တွေကလည်း နည်းနည်းနောနောမဟုတ်၊ တကယ့်ကို ပမာဏကြီးမားများပြားလှပါတယ်။ ရေတပ်စစ်ရေယာဉ်တွေ၊ လေတပ်ရဟတ်ယာဉ်၊ လေယာဉ်တွေ၊ တပ်မတော် မော်တော်ယာဉ်တွေ၊ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်တွေ၊ သင်္ဘောတွေ၊ ပြည်တွင်းရေကြောင်းပိုင် သင်္ဘောတွေ စသဖြင့် ယာဉ်ပေါင်းရာထောင်ချီပြီး အခေါက်ခေါက်အခါခါ ပို့နေရတာပါ။

မြစ်ဝကျွန်းပေါ်ဆိုတာက ဧရိယာအလွန်ကျယ်ပြန့်လှသလို လမ်းပန်းဆက်သွယ်ရေးမှာလည်း အကန့်အသတ်တွေရှိတာ အားလုံးအသိပါ။ ဒါတောင် တပ်မတော်အစိုးရလက်ထက်ကျမှ မြစ်ကြီး၊ ချောင်းကြီးတွေကို တံတားတွေ အလျှိုလျှိုထိုးပြီး မော်တော်ကားလမ်းတွေ လက်ယှက်ထိုးဖောက်ခဲ့လို့ သွားရေး၊ လာရေး အဆင်ပြေနေတာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလောက်များလှတဲ့ ပစ္စည်းတွေကို ဒီလိုအခြေအနေမျိုးမှာ နေရာဒေသအနှံ့ ရုတ်ခြည်းကွက်လပ်မကျန် ရောက်ရှိဖို့ကတော့ ခက်ခဲမှာ အမှန်ပါပဲ။ ဒါပေမယ့် နိုင်ငံတော်အပိုင်းကတော့ ဒါကိုတောင် ခြွင်းချက်လက်မခံဘဲ မလိုအပ်တဲ့ ကြန့်ကြာနှောင့်နှေးမှုလုံးဝမရှိစေရအောင် ရှေ့တန်းစခန်း ၁၂ ခု၊ အလယ်တန်းစခန်း ခြောက်ခုနဲ့ နောက်တန်းစခန်း သုံးခုဖွင့်ပြီး အကွက်ကျကျကို ကွပ်ကဲစီမံဆောင်ရွက်ပေးနေပါတယ်။ အဲဒီလို စနစ်တကျ အကွက်စေ့စေ့ ကွပ်ကဲစီမံဆောင်ရွက်နိုင်အောင် အရေးပေါ်ဆက်သွယ်ဖို့ CDMA ဖုန်းနဲ့ ဂြိုဟ်တုဖုန်းတွေ ချက်ချင်းဖြန့်ဝေပေးနိုင်ခဲ့တာကိုလည်း သတိပြုမိကြပါလိမ့်မယ်။

တကယ်တော့ ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားတဲ့ တိုင်းပြည်မှာ လူဖြစ်ရတာ အင်မတန်ကံကောင်းလှပါတယ်။ နိုင်ငံတော်အပိုင်းက ကယ်ဆယ်ထောက်ပံ့ရေးအပိုင်းမှာ ပမာဏကြီးမားစွာ ကိုင်တွယ်ဖြန့်ဖြူးထောက်ပံ့ပေးနေသလို တစ်ဖက်ကလည်း ပုဂ္ဂလိက စေတနာရှင်တွေ၊ ရဟန်းရှင်လူတွေ၊ ကုမ္ပဏီလုပ်ငန်းကြီးတွေကလည်း လှူရေးတန်းရေး လက်မနှေးခဲ့ပါဘူး။ လိုအပ်နေတဲ့နေရာ မကျန်ရအောင် လိုရင် လိုသလို အင်တိုက်အားတိုက်ဖြည့်ဆည်းလှူဒါန်းပံ့ပိုးခဲ့ကြပါတယ်။ ဒီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကြီးမှာ ပါဝင်နေကြတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ကစပြီး ထောက်ပံ့ရေးပစ္စည်း ဝိုင်းသယ်ပေးနေကြတဲ့ စေတနာရှင်လူငယ်လေးတွေအဆုံး အားလုံးကိုယ်စီဟာ မုန်တိုင်းသင့်နေရာ ဒေသအားလုံးကို မကြွင်းမကျန်စေဘဲ ကယ်ဆယ်စောင့်ရှောက်မှုများ ပေးနိုင်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်တဲ့အချက်ပါပဲ။ အင်မတန် ကုသိုလ်တရားကြီးမားသလို အလှူ့ကိုသည်းလှူ့ကို လေးစားဂုဏ်ယူဖို့ကောင်းတဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ကို အောင်မြင်စွာထမ်းဆောင်နေကြသူများအဖြစ် မြန်မာပြည်သူအားလုံးရဲ့ ရင်ထဲမှာ စွဲထင်ကမ္ပည်းထိုးနိုင်ခဲ့ပါပြီ။

မုန်တိုင်းဒဏ်သင့် ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုဟာလည်း အထူးအရေးကြီးလှပါတယ်။ မုန်တိုင်းကြောင့်ရလာတဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ ဖျားနာမှုတွေကို အရေးပေါ်ကုသပေးဖို့လိုသလို သဘာဝဘေးဒဏ်နဲ့ နောက်ဆက်တွဲ ကပ်ပါလာတဲ့ ကူးစက်ရောဂါတွေကိုလည်း ကာကွယ်စောင့်ရှောက်နိုင်ဖို့လိုတာ အမှန်ပါ။ ဒါကြောင့် ကျန်းမာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးတွေကိုယ်တိုင် မုန်တိုင်းသင့်ပြည်သူတွေကြားထဲ ရောက်နေပြီ ဖြစ်သလို အထူးကုဆရာဝန်ကြီးတွေ ဦးဆောင်တဲ့ အဖွဲ့ပေါင်းများစွာဟာ နယ်မြေဒေသအသီးသီးမှာ ကွင်းဆင်းပြီး ကျန်းမာရေးကုသစောင့်ရှောက်မှုတွေ ပေးနေကြပါပြီ။ မုန်တိုင်းသင့် ပြည်သူတွေရဲ့ ဖြစ်လာနိုင်တဲ့ ကျန်းမာရေးပြဿနာတွေကိုတွေးပြီး စောစောပိုင်းက ရင်ပူခဲ့ပေမယ့် အခုတော့ ကျွန်တော်တို့ ရင်အေးနိုင်ခဲ့ပါပြီ။

မုန်တိုင်းဘေး ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးလုပ်ငန်းစဉ်တွေမှာ ကျွန်တော်တို့နိုင်ငံနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ပေးနေတဲ့ WHO၊ WFP၊ ICRC စတဲ့ ကုလသမဂ္ဂလက်အောက်ခံ ဌာနေအဖွဲ့တွေ၊ World Vision၊ Save the Children Myanmar၊ Forciv Myanmar စတဲ့ INGO အဖွဲ့တွေလည်း ပူးပေါင်းပါဝင်ခဲ့တာကို တွေ့ရပါတယ်။ သက်ဆိုင်ရာ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့တွေနဲ့အတူ အဲဒီအဖွဲ့အစည်းတွေလည်း တစ်ပါတည်း လိုက်ပါပြီး ဒုက္ခသည်တွေအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကို ကိုယ်ထိလက်ရောက် ဖြန့်ဝေပေးခဲ့ကြပါတယ်။ နောက်ထပ်လိုအပ်ချက်တွေကိုလည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်စီစဉ်ပြီး လုပ်ငန်းပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ကူညီပံ့ပိုးပေးသွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

တစ်ဆက်တည်းပြောရရင် ဒီလို နိုင်ငံတော်၊ တပ်မတော်၊ ဌာနဆိုင်ရာအသီးသီး၊ ပုဂ္ဂလိကစေတနာရှင်တွေနဲ့ နိုင်ငံတကာ ပရဟိတအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက် ထောက်ပံ့ဖြည့်ဆည်းနိုင်မှုတွေကြောင့် ဒီနေ့အချိန်မှာ ကယ်ဆယ်ရေးအပိုင်း၊ ထောက်ပံ့ကူညီစောင့်ရှောက်ရေးအပိုင်းတွေမှာ အတော်အတန် ပြည့်စုံတည်ငြိမ်မှုရလာပြီလို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် အပိုင်း(၃) ဖြစ်တဲ့ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းတွေတောင် တချို့နေရာတွေမှာ စတင်နိုင်နေပါပြီ။ တချို့ မြို့ရွာတွေမှာ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ ရုံးဌာနတွေ၊ ပုဂ္ဂလိကအိမ်တွေ တော်တော်များများ ပြန်ပြီး မိုးကြ၊ ကာကြ၊ ပြင်ဆင်နေကြပါပြီ။ ပြာပုံထဲက ရုန်းထွက်တဲ့ ဖီးနစ်ငှက်လိုပဲ အပျက်အစီးပုံကြားထဲက ကိုယ့်အားကိုယ်ကိုးပြီး ရုန်းထတိုးထွက်ကြရမှာပါပဲ။ ကိုယ့်အနာဂတ်ကို ကိုယ်တိုင်ပဲ ပြန်ပြီးထူထောင်တည်ဆောက်ဖန်တီးကြရမှာပါပဲ။ အဲဒီမှာ မြို့ရွာတွေ ပြန်လည်ထူထောင်တည်ဆောက်ရေးအတွက် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီကြီးတွေကို မြို့နယ်ဒေသအလိုက် တာဝန်ပေးထားတယ်လို့ ကြားသိရပြန်တော့ အတိုင်းထက်အလွန်၊ တံခွန်နဲ့ကုက္ကား ဆိုသလို မုန်တိုင်းသင့် ပြည်သူတွေအတွက် "ဟန်လိုက်လေ"ဆိုပြီး မုဒိတာပွားမိပါသေးတယ်။

မြန်မာနိုင်ငံရဲ့ စပါးကျီလို့ တင်စားရတဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာ မုန်တိုင်းဒဏ်ကြောင့် စိုက်ပျိုးမြေဧက အမြောက်အမြား ပျက်စီးခဲ့ရပါတယ်။ ရေငန်တား တာတမံကျိုးပေါက်မှုတွေလည်း ရှိခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိုးဦးကျပြီဖြစ်လို့ စိုက်ရေးပျိုးရေးလုပ်ငန်းတွေကိုလည်း မကြာမီ ပြန်ပြီးစတင်ကြရတော့မှာပါ။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပျက်စီးသွားတဲ့လယ်ယာမြေပြန်လည်ဖော်ထုတ်ပြုပြင်ရေးနဲ့ ကျိုးပေါက်သွားတဲ့ ရေငန်တား တမံတွေ ပြန်လည်ပြင်ဆင်နိုင်ဖို့ စလုပ်နေပါပြီ။ ***စာမျက်နှာ ၁၄ ကော်လံ ၁ သို့***

ကရင်ပြည်နယ် ပိုင်ကျုံ၊ လှိုင်းဘွဲ့နှင့် ဘားအံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲတက်ရောက်

ရန်ကုန် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၁၇ရက် နံနက်၉နာရီက ကရင်ပြည်နယ် ပိုင်ကျုံမြို့ မြို့မသာသနာပြုကျောင်းတိုက်သို့ ရောက်ရှိရာ တောင်ပို့ကျောင်းဆရာတော် ဘဒ္ဒန္တကုမ္ဘောဘာသ အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ပိုင်ကျုံမြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဒေသခံရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်က ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဗိုလ်ချုပ်သာအေးက လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အသေးစိတ် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ရေဘုတ်ရေလှောင်တမံ စီမံကိန်း၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က ရေလှောင်တမံစီမံကိန်းတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးသည် ရေဘုတ်ရေလှောင်တမံစီမံကိန်း တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် ဘားအံမြို့နယ် ဖွဲကပင်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ လေဘေးသင့်ပြည်သူများ အတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးက ကရင်ပြည်နယ် ပြည်နယ်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်များက လှူဒါန်းသည့် သင်္ကန်းနှင့်ငွေကျပ်၃၆၀၅၅၀၀၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ မိုးစပါး၊ အိမ်သုံးဆား၊ အဝတ်အထည်နှင့်ငွေကျပ်၇၉သိန်း၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(ဒီကေဘီအေ)အဖွဲ့မှ ငွေကျပ်၁၀သိန်း၊ ဟောင်သရော ငြိမ်းချမ်းရေး အဖွဲ့မှ ငွေကျပ်ငါးသိန်း၊ ကေအင်န်ယူ၊ ကေအင်န်အယ်လ်အေငြိမ်းချမ်းရေး ကောင်စီမှငွေကျပ်ငါးသိန်းနှင့် ဖဒိုအောင်ဆန်းဦးစီးသော ဘုရားကုန်းငြိမ်းချမ်း ရေးအဖွဲ့မှ ငွေကျပ်ငါးသိန်းတို့ကို လက်ခံသည်။

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်နိုင်ဝင်းက ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် ၂၂၂၉၂၀၀၊ ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၂၃၅၀၀၀၀၊ ဘားအံခရိုင်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ငွေကျပ် ၉၇၁၅၂၀၀၊ ကော့ကရိတ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ငွေကျပ်သိန်း ၂၀၀တို့ကို လက်ခံသည်။

ဆက်လက်၍ မြဝတီမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ပစ္စည်းနှင့်ငွေကျပ် ၃၆၃၇၁၉၀၀၊ ဘားအံတပ်နယ်နှင့် မြိုင်ကလေးတပ်နယ် များမှ ငွေကျပ် ၁၀ သိန်း၊ ကရင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများမှငွေ ၂၇၆၄၆၂၅ကျပ်၊ ကရင်ပြည်နယ်အတွင်းရှိ ပညာရေးဝန်ထမ်း များမှ ငွေကျပ်၄၃၂၀၀၀၀၊ အမှတ်(၁) ဘိလပ်မြေစက်ရုံမှ ငွေကျပ်၁၀သိန်း၊ မင်းပဒုမ္မာကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၀၊ ဘားအံမြို့ပေါ်ရှိ စီးပွားရေး လုပ်ငန်းရှင်များမှ ငွေကျပ်၁၀၅သိန်း၊ ဦးကျော်သိန်း ခုံအင်းရပ် ထားဝယ်မြို့မှ ငွေကျပ်သိန်း ၂၀တို့ကို ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

လေဘေးသင့် ပြည်သူများအတွက် ကရင်ပြည်နယ်မှ ပစ္စည်းတန်ဖိုး ငွေကျပ် ၅၈၁၇၁၈၁၀နှင့် ငွေသား ၇၆၀၈၅၆၂၂ ကျပ် စုစုပေါင်းတန်ဖိုး ၁၂၆၂၅၇၄၃၂ ကျပ်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို အလှူရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ မော်တော်ယာဉ်ကြီးများ ပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်း၌ ဗုဒ္ဓအလိုတော်ကျ ဝိပဿနာ ကမ္မဋ္ဌာနာစရိယ သင်တန်းပို့ချနိုင်ရန်အတွက် ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာရပ်ကွက် ရှရော်ခ-ရဝမ်ကုန်းကျေးရွာနေ နှစ်ဖက်သော မိဘများအား ရည်စူး၍ ကိုရုံးရွှေ-မမိုးမိုး၊ သား မောင်သူဇင်အောင်၊ မောင်အောင်ကျော်မိုး၊ သမီး မမီမီရုံးရွှေမိသားစုက မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)





အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာ အမှတ်(၂)ဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူလိုအပ်သော လျှပ်စစ်ဓာတ်အား အလေးထားဆောင်ရွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ တည်ဆောက်ရေးနှင့် ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းမြင့်က ဧရာဝတီတိုင်းရှိ ပြည်သူများ လျှပ်စစ်မီးများ အမြန်ဆုံးရရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ပြည်သူများလိုအပ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘုရင့်နောင်ကားလမ်းမတစ်လျှောက် ရွာမဓာတ်အားခွဲရုံနှင့်သစ်တောကွန်ပျူတာ ခွဲရုံသို့ ချိတ်ဆက်သည့်၃၃ကေဗွီ ဓာတ်အားလိုင်းတိုင်၂၂တိုင်စိုက်ထူမှု၊ သံဘားတန်းနှင့် ကြွေသီးများတပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးသွယ်တန်းချိတ်ဆက်ခြင်း လုပ်ငန်းများကို စက်ယန္တရားများ အသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ရွာမရှိမော်တော်ယာဉ်သုံးဓာတ်ငွေ့အရောင်းဆိုင်(CNG)ဆိုင်အမှတ် ၀၁၂ သို့လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်စေရေးအတွက် ဓာတ်အားလိုင်းချိတ်ဆက်သွယ်တန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံမှ မြောက်ကမ္ဘာအေးနှင့်တောင်ကမ္ဘာအေး ဖီဒါများချိတ်ဆက်သည့် ၃၃ကေဗွီ ဓာတ်အားလိုင်းတိုင် ၁၂တိုင် အသစ်အစားထိုး တည်ဆောက်မှု၊ ဗဟန်းမြို့နယ် ရွှေတိဂုံမီးပွိုင့်အနီး ကနေဒီဓာတ်အားခွဲရုံမှ မြေပဒေသာကျွန်း ဖီဒါ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်း တိုင်ကိုးတိုင် အသစ်အစားထိုး တည်ဆောက်နေမှု၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံမှဓာတ်အားခွဲရုံ အမှတ်(၁)နှင့် အမှတ်(၂)သို့ ဓာတ်အားပို့လွှတ်နိုင်စေရေးအတွက် လျှပ်စစ်ကျွမ်းကျင် လုပ်သားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လှိုင်သာယာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ရောက်ရှိမှုအခြေအနေနှင့် အမှတ်(၁)ဓာတ်အားခွဲရုံသို့ ဓာတ်အားရောက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Hitoshi Kimura က လေဘေးဒဏ်ခံရသော ဒေသများအတွက်JICA မှ လှူဒါန်းသောထောက်ပံ့ရေးပစ္စည်းများကိုယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာ ဧည့်ခန်းမဆောင်(၂)၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

20-5 (11).pmd 1 5/20/2008, 2:31 AM

ဧရာဝတီ တိုင်း မအူပင်မြို့နယ် ၅ရပ်ကွက် မင်းလမ်းနေ ဦးပြန့်-ဒေါ်အေးစိန်၊ သားသမီး၊ မြေးမြစ် တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်း ကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော် ကြီး အ တွက် အ လှူ ငွေ ကျပ် ၁၅၀၀၀၀ ကို အနုနာယက ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စီမံ/စီးပွား ဝန်ကြီးဦးစိုးသာအား

ဂျပန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hitoshi Kimura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးက မုန်တိုင်း တိုက်ခတ် ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ အစိုးရနှင့် ပြည်သူများ ကိုယ်စား ဝမ်းနည်းကြောင်းပြောကြားလိုပါကြောင်းနှင့် လေဘေးသင့်ပြည်သူများအတွက် ဂျပန်နိုင်ငံမှ လက်ရှိပံ့ပိုးပေးသောအကူအညီများနှင့်ဆက်လက်အကူအညီပေးရန် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ဝန်ကြီးဦးစိုးသာက လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်မှ ချက်ချင်း အရေးယူဆောင်ရွက်မှု အခြေအနေများ၊ ကယ်ဆယ်ရေးလုပ်ငန်းဆောက်ရွက်သည့် အဆင့်မှ ပြန်လည်ထူထောင်ရေးအဆင့်သို့ရောက်ရှိပြီဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန် အစီအစဉ်များ၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်သွားသော ဒေသရှိ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ဆားလုပ်ငန်းများ ပြန်လည်လုပ်ဆောင်ရေးနှင့် လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေငန်တားတာများ ပြန်လည်ပြုပြင်ရေး ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၁၉

လေမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းအတွင်း တာတမံများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်မွမ်းမံရန်နှင့် သီးနှံများအချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဒုတိယဝန်ကြီး ဦးအုန်းမြင့် လိုက်ပါလျက် မေ ၁၆ရက်နံနက်ပိုင်းက ပုသိမ်မြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာပြီး ငပုတောမြို့နယ်ရှိ အလယ်ကျွန်း၊ ကျွန်းပတ်တာ အမှတ်(၁)၊ အမှတ်(၂) နှင့် အမှတ်(၃) တို့ကို စစ်ဆေးပြီး လပွတ္တာမြို့နယ် ဆင်ခြေရာ ကျေးရွာသို့ သွားရောက်၍ လေဘေးသင့် ကျေးရွာပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ လပွတ္တာတောင်ကျွန်းနှင့် လပွတ္တာမြောက်ကျွန်း ရှိတာများ၊ ရေတံခါးများကိုလည်းကောင်း၊ ပြင်စလူမြို့နယ်ရှိ ဦးသာရေတာနှင့် ဦးခေါင်းပုတာတို့ကိုလည်း ကောင်း ကြည့်ရှုစစ်ဆေး၍ ပြင်စလူရှိ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး အားပေးစကား ပြောကြားကာ ဘိုတွတ်ကျွန်းပတ် တာအမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) တို့ကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့နယ်သို့ ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးသည် ဘိုကလေးမြို့၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးနှင့် ရေငန်တားတာများ ပြန်လည်ပြုပြင်ရေး၊ မိုးစပါး စိုက်ပျိုးနိုင်ရေးမှာကြားပြီး ရဟတ်ယာဉ်ဖြင့် ဘိုကလေးမြို့နယ်အတွင်းရှိ ဒေါင့်ကြီးကျွန်းပတ်တာ၊ ဒေါင့်ကြီးကျွန်း အရှေ့ကျွန်းပတ်တာ၊ ဒေါင့်ကြီးကျွန်း အနောက်ကျွန်းပတ်တာတို့ကို လှည့်လည်ကြည့်ရှုကာ ထော်ပိုင်စခန်း၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့နောက်ဝန်ကြီးသည် ဒေါ်ငြိမ်းကျွန်းပတ်တာ၊ မြို့ကုန်းကျွန်းပတ်တာ၊ ဒေးဒရဲကျွန်းပတ်တာ၊ လက်ပန်ပင်ကျွန်းပတ်တာ၊ ဇင်းဘောင်ကျွန်းပတ်တာများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့သို့ရောက်ရှိ၍ ဖျာပုံမြို့ စခန်းမှူးစခန်း၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ဖျာပုံခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်းတာဝန်ခံများအားတွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ချို့ယွင်းသည့်တာများ ပြုပြင်နိုင်ရန်နှင့် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် လေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်ဖြန့်ဖြူးနိုင်ရန် တစ်နာရီလျှင် တစ်လီတာဝင်ရေသန့်ဘူး ၂၀၀၀ ထုတ်လုပ်ပေးနိုင်သည့် ရေသန့်စက်ငယ် တပ်ဆင်ထားမှုကို ကြည့်ရှုပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် လေဘေးသင့်ပြည်သူများအား ဆန်နှင့်အဝတ်အထည်များ ပေးအပ်

ရန်ကုန် မေ ၁၉

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မေ ၁၇ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် နန်းဦးပရဟိတ စာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဓမ္မာရုံ၌ လေဘေးသင့်ပြည်သူ ၆၀၀ ကျော် အားတွေ့ဆုံ၍ ဆန်၊ မျက်နှာသုတ်ပဝါနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် လောကသစ္စာဓမ္မာရုံ၌ လေဘေးသင့်ပြည်သူ ၁၅၀နှင့် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အောင်ဓမ္မာရုံ၌ လေဘေးသင့်ပြည်သူ ၂၀၀တို့အား တွေ့ဆုံ၍ ဆန်၊ အဝတ်အထည်နှင့် မျက်နှာသုတ်ပဝါများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးဒဏ်သင့်သော နေရာဒေသများ ပြန်လည်ထူထောင်ရေး အာဆီယံဝင်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် မေ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown **အား မေ ၁၈ရက်နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ** Chatrium **ဟိုတယ်**Sakura Room **၌ တွေ့ဆုံနှုတ်ဆက်သည်။** (အောက်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown က မုန်တိုင်းဒဏ်ခံစားရသော မြန်မာပြည်သူများအတွက် ဗြိတိန်နိုင်ငံသားများအနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း၊ ဗြိတိန်နိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မုန်တိုင်းဒဏ် ခံစားရသည့် နေရာဒေသများ၌ ပြန်လည် ထူထောင်ရေးကို လုပ်ဆောင်ရာတွင် အာဆီယံမှ ဦးဆောင်သော နိုင်ငံတကာစီမံချက်ကို လက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း၊ ယခုကဲ့သို့ လူသားချင်း စာနာထောက်ထားမှုကို အရင်းခံ၍ ဗြိတိန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနွေးထွေးကောင်းမွန်လာစေရန် အခွင့်အလမ်းတစ်ခု ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ မိမိတို့လာရောက်လျက် မုန်တိုင်းဒဏ်ခံစားနေရသော မြန်မာပြည်သူများကို ကူညီပံ့ပိုးလိုခြင်းမှာ နိုင်ငံရေးသဘော လုံးဝမဆောင်သော ကူညီပံ့ပိုးမှုသာဖြစ်ပါကြောင်း ပြောကြားသည်။

ရုပ်လုံးပေါ်

ဒုတိယဝန်ကြီး ဦးကျော်သူက ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်သော နေရာဒေသများ ပြန်လည်ထူထောင်ရေးအတွက် အတွေ့အကြုံရှိသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မကြာမီရက်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက် ပိုမိုရုပ်လုံးပေါ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown အား ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ် Sakura Room ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် မဲခေါင်မြစ်ဝှမ်းဒေသ ရောဂါကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လပွတ္တာနှင့်မြောင်းမြမြို့နယ်သို့ ထွက်ခွာ

ရန်ကုန် မေ ၁၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် မဲခေါင်မြစ်ဝှမ်းဒေသ ရောဂါကာကွယ်စောင့်ရှောက်ရေး အဖွဲ့တို့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ကျန်းမာ/ပညာ) ဒေါက်တာခင်မောင်လွင် ဦးဆောင်၍ ဧရာဝတီတိုင်း လပွတ္တာနှင့် မြောင်းမြမြို့နယ်များအတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ရန် ဆေးဝါးပစ္စည်းများနှင့်အတူ ယမန်နေ့ညနေပိုင်းက မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

စေတနာရှင်များလှူဒါန်းသော ပစ္စည်းများ အမြန်ဖြန့်ဝေပေးနေ
လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်ဖြည့်ဆည်းပေးလျက်ရှိ

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း မကြာမီက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ကယ်ဆယ်ရေးစခန်းများ ထူထောင်လျက် သက်ဆိုင်ရာ ဒေသများအလိုက် ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ယင်းမုန်တိုင်းဒဏ်ကြောင့် လူနေအိမ်အများအပြား ပျက်စီးခဲ့သဖြင့် သက်ဆိုင်ရာ မြို့နယ်များအလိုက် ကယ်ဆယ်ရေး စခန်းများ ထူထောင်လျက် ကူညီစောင့်ရှောက်ပေးနေသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် လေဘေး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လှိုင်သာယာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် တွေ့ဆုံ မေးမြန်းခွင့်ရခဲ့ပါသည်။ လေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်မှုနှင့် ပတ်သက်ပြီး ဦးခင်သိန်းမောင်က ပြောကြားရာတွင် “ကျွန်တော်တို့ မြို့နယ် လေဘေး စဖြစ်တုန်းက လူဦးရေ တစ်သိန်းခွဲလောက် လေဘေးဒဏ် ခံကြရတယ်။ ကယ်ဆယ်ရေးစခန်း စတင်ထူထောင်လုပ်ကိုင်တဲ့ အချိန်မှာ ကယ်ဆယ်ရေးစခန်း ၄၂ခု ရှိတယ်။ အများဆုံးစခန်းကတော့ လူဦးရေ ၈၀၀မှ၉၀၀အထိ ရှိပါတယ်။ မေ ၁၇ ရက်မှာတော့ တချို့တလေလဲ ကိုယ့်အိုးကိုယ့်အိမ် ပြန်ဆောက်နေကြတော့ ကယ်ဆယ်ရေးစခန်း ၂၇ခုသာ ရှိပါတော့တယ်။ အိမ်ထောင်စုအားဖြင့် ၂၀၂၄စုရှိပြီး လူဦးရေ၉၈၄၀ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ ရပ်ကွက်၂၀၊ ရှာကိုးရှာ ရှိတယ်။ အားလုံးနီးပါး လေဘေးဒဏ် ခံရပါတယ်။ လေဘေး ဒုက္ခသည်များကို စဖြစ်ဖြစ်ချင်းမှာ ထမင်းချက်ကျွေးတာတို့၊ ဆန်၊ ဆီ ပေးတာတို့ ရှိပါတယ်။ ယခုအခါမှာတော့ အလှူရှင်တွေက အဆက်မပြတ် လှူဒါန်းပေးနေကြလို့ အစစအရာရာ အဆင်ပြေကြ ပါတယ်။

“ကျွန်တော်တို့ဆီမှာ နိုင်ငံတော် အစီအစဉ်နဲ့ လှူတဲ့ပစ္စည်းတွေ၊ တိုင်း၊ ခရိုင်အလိုက် လှူတဲ့ပစ္စည်းတွေ၊ နိုင်ငံတကာက ပေးပို့လှူဒါန်းတဲ့ ပစ္စည်းတွေ အားလုံး ဒီနေ့ရောက် ဒီနေ့ဖြန့်ဝေ စနစ်နဲ့ ဖြန့်ဝေပေးနေပါတယ်။ ရွက်ဖျင်တဲ၊ အဝတ်အစား၊ စားစရာများ၊ ဘီစကွတ်မုန့်များအားလုံး ဖြန့်ဝေပေးနေပါတယ်။ တိုက်ရိုက် အလှူရှင်တွေ အနေနဲ့လဲ ကိုယ်တိုင်လာရောက် လှူဒါန်းခွင့်ပေး ပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

“ဒါ့အပြင် မုန်တိုင်းဒဏ်ခံရတဲ့ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ကြိုးစား ဆောင်ရွက်နေပါတယ်။ မုန်တိုင်းဒဏ်ခံရတဲ့ ပြည်သူတွေ အိမ်ထောင်စုအလိုက် နေအိမ်များပြန်လည်ဆောက်နိုင်ဖို့ ဝါးနဲ့ ဓနိ အလကားပေးမယ်။ ငွေကြေးလဲ တတ်နိုင်သမျှ ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ မိုးကာဖျင်တွေလဲ အလကားပေး နေပါတယ်။

လေဘေးဒဏ်ခံရတဲ့ အိမ်ထောင်စု များအတွက် သွပ်ပြားတစ်ပေ ကျပ် ၇၀၀ နဲ့ သွပ်ပြားများ ရောင်းချပေးပါတယ်။ လှိုင်သာယာနဲ့ အင်းစိန်မှာရှိတဲ့ သစ်ဆိုင်တွေမှာ မုန်တိုင်းဒဏ်ခံရတဲ့ အိမ်ထောင်စုများကို သစ်ခွဲသားများလဲ အစိုးရဈေးနှုန်း ဖြင့် ဈေးနှုန်း သက်သာစွာရောင်းချပေးနေပါတယ်။ မုန်တိုင်းဒဏ်ခံရတဲ့ ပြည်သူများအား စားရေး၊ နေရေး၊ ဝတ်ရေး အစစအရာရာ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ဦးခင်သိန်းမောင်က ဆက်လက်ပြောကြားသည်။

“ရောက်တဲ့ပစ္စည်း လက်ကျန် မထားပါဘူး။ ချက်ချင်း ခွဲဝေပေး ပါတယ်” ဦးခင်သိန်းမောင် ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လှိုင်သာယာမြို့နယ်။

လှိုင်သာယာမြို့နယ် လေဘေးသင့်ကယ်ဆယ်ရေးစခန်းတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဒေါက်တာမိကောင်းသဇင်နှင့် အဖွဲ့က လေဘေးသင့်ပြည်သူများအား ဤသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးကြသည်။

ထို့မှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည်လှိုင်သာယာမြို့အတွင်း ပဒုံ လေဘေးကယ်ဆယ်ရေး စခန်းသို့ ရောက်ခဲ့သည်။ ရွက်ဖျင်တဲ အလုံး ၄၀၊ အိမ်ထောင်စု ၆၈စု၊ လူဦးရေစုစုပေါင်း ၃၆၉ဦးရှိကြောင်း သိရသည်။

မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိချိန်တွင် အလှူရှင်များက ကိုယ်တိုင် ကိုယ်ကျ ထမင်းဘူးများ၊ အချိုရည်များ၊ ခေါက်ဆွဲခြောက်များ၊ ဘီစကွတ်မုန့်များ လှူဒါန်းနေသည်ကို တွေ့ရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံမှ ပေးပို့လှူဒါန်းသော ရွက်ဖျင်တဲများကို တွေ့ရသည်။ ရွက်ဖျင်တဲတစ်လုံးစီ၏ရှေ့မျက်နှာစာတွင် သောက်ရေပုံး အကြီးတစ်လုံးစီ ချပေးထားသည်။ တဲများ၏ နောက်ဘက် အဝေးတစ်နေရာတွင် ရေချိုးခန်းများ၊ အိမ်သာများလည်း စနစ်တကျဆောက်လုပ်ပေးထားသည်။ တဲများအတွင်း၌ ဆန်အိတ်တစ်လုံးစီ၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ ငါးသေတ္တာဘူး၊အဝတ်အထည်၊ခြင်ထောင်စသည်တို့ကိုလိုလေသေးမရှိအောင်လှူဒါန်း ပေးထားသည်ကို တွေ့ရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်း၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမိကောင်းသဇင် ဦးဆောင်သော ကျန်းမာရေးအဖွဲ့က လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးအတွက် အနီးကပ် ပြုစုစောင့်ရှောက် ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လှိုင်သာယာမြို့နယ် တိုင်းရင်းဆေးတာဝန်ခံ ဒုတိယ တိုင်းရင်းဆေးမှူး ဒေါ်လွင်လွင်ဦးနှင့် အဖွဲ့ကလည်း တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးလျက်ရှိသည်။

ယင်းအတွင်း ပဒုံလေဘေးသင့် ပြည်သူများ ကယ်ဆယ်ရေးစခန်းနှင့် မျက်နှာချင်းဆိုင်တွင် အမှတ်(၇)အခြေခံ ပညာအလယ်တန်းကျောင်းကို အမိုးများ ပြုပြင်မွမ်းမံ အမိုးမိုးပေးနေသည်ကို တွေ့ရ သည်။

၄င်းကျောင်း အပါအဝင် လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၅၇ကျောင်းကို ရွှေတောင်ကုမ္ပဏီက ကျောင်းမဖွင့်မီ အမိုးများ အပြီးမိုးပေး သွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန် ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြား သည်။

မုန်တိုင်းဒဏ်ကြောင့် ခေါင်မိုးလန် ပျက်စီးသွားသော လှိုင်သာယာမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်း ကျောင်းကို မေ၁၈ရက်က သွပ်ပြား အသစ်များ ပြန်လည်မိုးပေးစဉ်။

လှိုင်သာယာမြို့နယ်တွင် လေဘေးသင့်ကယ်ဆယ်ရေးစခန်း ၂၇ခု ဖွင့်လှစ်ထားရှိရာ အတွင်းပဒုံကယ်ဆယ်ရေးစခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသော ရွက်ဖျင်တဲများကို ဤသို့တွေ့ရသည်။

ထိုမှတစ်ဖန် မြန်မာ့အလင်းသတင်း အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာရာ ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန စစ်ကိုင်းတိုင်းလျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ရေးအဖွဲ့က စက်မှုဇုန်များ အမြန်မီးလင်းရေးအတွက် ဓာတ်တိုင် အသစ်များ စိုက်ထူခြင်း၊ ကြိုးလိုင်းများ သွယ်တန်းခြင်းများ အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရ သည်။

လှိုင်သာယာမြို့နယ်အတွင်း လေဘေးဒဏ်ကြောင့် လဲပြိုပြတ်တောက် ပျက်စီးသွားသော လျှပ်စစ်ဓာတ်တိုင်များကို ဤသို့ အစားထိုးပြုပြင်ပေးနေသည်။

ယင်းမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် အမှတ်(၁၁) ကာကွယ်ရေးပစ္စည်း စက်ရုံမှ ဗိုလ်မှူးလှသိန်းနှင့် ဒုအရာခံဗိုလ် ပြေလင်း ဦးစီးသော တပ်မတော်သားများက လမ်းဘေးဝဲယာ၌လဲကျနေသော သစ်ပင်၊ အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားနေသည်ကို တွေ့ရသည်။

ယခုအခါ မုန်တိုင်းဒဏ်ကြောင့် လဲပြိုခဲ့သော သစ်ပင်များရှင်းလင်းသည့် လုပ်ငန်းမှာ ရန်ကုန်မြို့ပေါ်တွင် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။ အချို့နေရာများတွင် လျှပ်စစ်မီးများပုံမှန်ပြန်လာနေပြီဖြစ်သည်။ တယ်လီဖုန်းလိုင်းများလည်း နေရာအတော်များများဆက်သွယ်နိုင်ကြပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မေ ၁၈ရက်က လှိုင်သာယာမြို့နယ် အမက(၁၁)တွင်ဖွင့်လှစ်ထားသော လေဘေးသင့်ကယ်ဆယ်ရေး စခန်းသို့ စေတနာရှင်အလှူရှင်များက ကြက်သားအာလူးဟင်းနှင့် ထမင်းဘူးများ တိုက်ရိုက်လှူဒါန်းပေးစဉ်။

ကွင်းဆင်းလေ့လာမေးမြန်းသူ	- မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း	- အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာပွဲ့စည်းမှု	- ထိန်လင်း

သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့ ခင်ဗျား

၂၀၀၈ ခုနှစ် မေလ ၃ရက်နေ့တွင် ကျရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းအတွင်းရှိ လူနေအိမ်ခြေများနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးသည့်နည်းတူ သာသနိကအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများ အပါအဝင် သံဃာတော်များ၏ အသုံးအဆောင်ပစ္စည်းများပါ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

သံဃာတော်များ ကိုယ်စိတ်ချမ်းသာစွာဖြင့် ဂန္ထဓူရ၊ ဝိပဿနာဓူရ ကျင့်ကြံအားထုတ်နိုင်ရန် ရန်ကုန်တိုင်းဥပဋ္ဌာကအဖွဲ့ကဦးစီးပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအပါအဝင် သာသနာတော်ဆိုင်ရာ လိုအပ်ချက်များကို ပြုပြင်၊ ထောက်ပံ့လှူဒါန်းမည် ဖြစ်ပါသဖြင့် ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ရုံး ကြားတောရလမ်း၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၃၇၉၃၄၂၊ ၀၉-၅၀-၀၆၀၀၈ သို့ လည်းကောင်း၊ ဦးလှစိုး ဥက္ကဋ္ဌ ဥပဋ္ဌာကအဖွဲ့၊ ဖုန်း-၀၉-၈၅-၀၀၀၅၀ သို့လည်းကောင်း၊ ဦးစိုးနိုင်(တိုင်းသာသနာရေးမှူး)အတွင်းရေးမှူး ဥပဋ္ဌာကအဖွဲ့ ဖုန်း-၀၁-၇၂၆၀၈၈၊ ၀၉-၅၁-၉၁၅၀၇ သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဥပဋ္ဌာကအဖွဲ့။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မမြမြမိုး ၁၂/တကန(နိုင်)၀၀၁၄၁၃ သည် မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ် လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် မသက်ဆိုင်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အာကာဝင်း

၁၂/အလန(နိုင်)၀၀၀၃၀၉။

စာမျက်နှာ ၁၀ မှ

ရေငန်ဝင်သွားတဲ့ လယ်တွေမှာ စိုက်ပျိုးနိုင်မယ့် ရေငန်ဒဏ်ခံမျိုးစပါးကစပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဒီဇယ်ဆီစတာတွေ ဖြန့်ဝေနိုင်ဖို့လည်း ပြင်ဆင်နေပါပြီ။ ဒါ့အပြင် ကျွဲ၊ နွားကောင်ရေ သိန်းနဲ့ချီပြီး ဆုံးရှုံးခဲ့ရတာကြောင့် ကျွဲ၊ နွားတွေ တင်သွင်းနိုင်ဖို့ စီမံပေးနေသလို တစ်ဖက်ကလည်း လက်တွန်းထွန်စက်တွေ အစားထိုးသုံးစွဲပြီး တစ်ပိုင်တစ်နိုင် စက်မှုလယ်ယာအဆင့်ကို ကူးပြောင်းပေးဖို့လည်း ကြိုးစားပေးမှာ ဖြစ်ပါသတဲ့။

ပြောမယ်ဆိုရင်တော့ ဘယ်ဆုံးနိုင်ပါ့မလဲ။ မုန်တိုင်းဒဏ်ခံဒေသတွေမှာ အရေးတကြီးလိုအပ်နေတဲ့ ရေသန့်ရရှိရေး၊ စာသင်ကျောင်းတွေ ကျောင်းဖွင့်ချိန်အမီ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စတွေမှာလည်း အဘက်ဘက်က ထောင့်စေ့အောင် လုပ်နေကြတာပါပဲ။ ရန်ကုန်လည်း ရန်ကုန်မို့လို့၊ နယ်လည်း နယ်မို့လို့ အဘက်ဘက်က မလစ်ဟင်းရအောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ရန်ကုန်မှာဆို အချိန်တိုအတွင်း မိုဘိုင်းလ်ဖုန်းလိုင်းတွေ အားလုံး ပြန်ဖွင့်ပေးနိုင်ခဲ့သလို လျှပ်စစ်မီးတွေလည်း တစ်ရက်ထက် တစ်ရက်တိုးပြီး လင်းလာခဲ့ပါပြီ။ လမ်းမကြီးတွေလည်း ရှင်းပြီးရင်း ရှင်းလာလိုက်တာ အခုဆို မူလအခြေမပျက် ပြန်လည်စည်ကား သက်ဝင်နေပြီဖြစ်ပါတယ်။

အားလုံးကိုခြုံကြည့်ရင် ကျွန်တော်တို့ဟာ မုန်တိုင်းဆိုတဲ့ အတွေ့အကြုံ လုံးဝမရှိခဲ့လို့ နာဂစ်မုန်တိုင်းရဲ့ဒဏ်ကို ခံလိုက်ရတာမှန်ပါတယ်။ ပြောကြစတမ်းဆိုရင် ဒီလောက်ကြီးမားပြင်းထန်တဲ့ မုန်တိုင်းကြီးမျိုးကို ဘယ်နိုင်ငံ၊ ဘယ်အစိုးရ၊ ဘယ်ပြည်သူမျိုးမှ တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။ မုန်တိုင်းကြီးမားပြင်းထန်တာနဲ့အမျှ သေကျေပျက်စီးဆုံးရှုံးမှုလည်း များလေ့ရှိတာပါပဲ။ များလည်းများခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ မုန်တိုင်းကလည်း လွန်မြောက်ခဲ့ပါပြီ။ အချိန်ကာလအလျောက် ရာသီဘာဝ မုတ်သုံဝင်လာပြီဖြစ်လို့ မုန်တိုင်းနောက်ကလေနုအေးကို ခံစားခွင့်မရခဲ့ပေမယ့် ကျွန်တော်တို့ ရင်ထဲမှာတော့ 'လေနုအေးက နွေ့ဆဲကို'လို့ ဆိုနိုင်ပါပြီ။ ဘာကြောင့်ပါလဲ။ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူနဲ့ ကမ္ဘာ့မိသားစုဝင် စေတနာရှင်နိုင်ငံအားလုံးတို့ရဲ့ ပူးပေါင်းအားတွေနဲ့ ထိထိရောက်ရောက် နိုင်နိုင်နင်းနင်း စွမ်းဆောင်အောင်မြင်နိုင်ခဲ့ပြီ ဖြစ်လို့ပါပဲ။ မုန်တိုင်းသင့်ပြည်သူတွေအတွက် စိုးရိမ်ပူပန်မှုတွေနဲ့ ရင်ပူနေရတဲ့အဆင့်ကနေ အခုတော့ သူတို့ဘဝလေးတွေအတွက် စိတ်နှလုံး တုံးတုံးချပြီး ရင်အေးနိုင်ခဲ့ပါပြီ။ အခုလို ရင်အေးရမှပဲ၊ လေနုအေးက နွေ့နိုင်ပြီဆိုပါတော့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တွေ အလွန်ကြီးမားကျယ်ပြန့်ပြီး အရေးပါလှတဲ့ သမိုင်းပေး တာဝန်ကြီးတစ်ရပ်ကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ကြပြီလို့ ဆိုချင်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
တက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ ပထမနှစ်ဝက် (Mid-term) စာမေးပွဲရက်ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(MAEU)တို့၏ ပထမနှစ်ဝက်(Mid-term) စာမေးပွဲကိုလည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်များ၏ M.I.S.C/D.C.S.C ပထမနှစ်ဝက် (Mid-term) စာမေးပွဲကိုလည်းကောင်း **၂-၆-၂၀၀၈ရက်(တနင်္လာနေ့)**တွင် စတင်ကျင်းပမည်ဖြစ်သည်။

၂။ အသေးစိတ် အချက်အလက်များကို သက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံများနှင့် စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၂၀၊၄၀၄၀၁၉၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(MAEU) ဖုန်း-၀၆၄-၃၅၂၄၁၊ ၃၅၂၄၂၊ ၀၉-၅၁-၈၉၅၁၈နှင့် ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၆၇-၄၀၄၁၈၃၊ ၀၁-၆၆၁၇၁၃၊ ၆၆၁၇၁၄၊ ၆၆၅၆၈၆တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဗိုလ်မှူးကျော်စိန်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)-
ဒေါက်တာဝေမာအောင်(လက်ထောက်ဌာနမှူး၊ကျန်းမာရေးဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏သား

ဗိုလ်ကြီးအောင်စည်သူကျော်

M.B.,B.S.,M.Med.Sc.(Orthopaedics)

နှင့်

ရန်ကုန်မြို့နေ
ဦးတင်အောင်(လက်ထောက်ညွှန်ကြားရေးမှူး၊အကျဉ်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းစိမ်းတို့၏သမီး

ဗိုလ်ငြိမ်းငြိမ်းကျော့အောင်

B.N.Sc.,M.N.Sc.

တို့သည် ၈-၅-၂၀၀၈ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်တိုင်း တိုင်းဥပဒေအရာရှိ ဦးအောင်ဇေယျရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ၁၇-၅-၂၀၀၈ရက်(စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ မင်္ဂလာဧည့်ခံပွဲပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်စည်သူကျော်-ဗိုလ်ငြိမ်းငြိမ်းကျော့အောင်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ များရောက်ရှိ

ရန်ကုန် မေ ၁၉

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ပရော်ဖက်ဆာ Dr. Bounthaphany Bounxouei နှင့် ပရော်ဖက်ဆာ Dr.Vanliem Bouravong တို့ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်၂၃ဦးတို့သည် မေ ၁၈ရက် နံနက်၁၁နာရီတွင် Y7-100C လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kouily A Souphakhet နှင့်တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

KENBO ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

KENBO

ကျွန်ုပ်၏မိတ်ဆွေ AAA Co., Ltd. ၏ဒါရိုက်တာ ဦးသိန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

AAA Co., Ltd. သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Chongqing Yinxiang Motorcycle (Group) Co., Ltd. မှထုတ်လုပ်သော KENBO အမှတ်တံဆိပ်ပါ Gasoline Generator, Diesel Generator, Water Pump, Gasoline Engine နှင့် Agriculture Machinery အမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် Sole Agent အဖြစ် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချခွင့် တရားဝင်ရရှိထားသည့် တစ်ဦးတည်းသော ကိုယ်စားလှယ် ဖြစ်ပါသည်။

Chongqing Yinxiang Motorcycle (Group) Co., Ltd.၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်တွင် မှတ်ပုံတင်အမှတ်-၅၈၂၅ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ KENBO အမှတ်တံဆိပ်ကို မှီငြမ်း၍တုပ၍လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍ လည်းကောင်း၊ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေရန် ဖြန့်ချိရောင်းချသူများအနေဖြင့် ဤသတိပေးကြေညာသည့် ရက်မှစ၍ KENBO အမှတ်တံဆိပ်ပါ Engine နှင့် အပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ နိုင်ငံခြားမှ မှာယူတင်သွင်းခြင်း၊ တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းများ မပြုလုပ်ကြပါရန် အထူးသတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်ကိုကို (ဘဏ်) B.Sc (Phy), H.G.P, D.B.L,D.M.L, D.I.L, D.A. (Psy)
AAACo., Ltd. ၏ ဥပဒေအကျိုးဆောင်
ရုံး-အမှတ် ၅၆၇၊ ကုန်သည်လမ်း၊ M.A.C Tower ၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၄၉၁၊ ၀၉-၅၁-၄၇၆၅၉။





ဖခင်အမည်မှန် အထက(၂) တောင်ဥက္ကလာပ၊ တက္ကသိုလ်ဝင်တန်းမှ မခင်သီတာခိုင် နှင့် မခင်သန္တာခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဦး ၁၂/ခရန(နိုင်) ၀၁၇၁၄၆ ဖြစ်ပါကြောင်း။ **ဦးမျိုးဦး။**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

မနီလာမြို့အနီးပစ်ခတ်မှုဖြစ်ပွား ၁၂ ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

မနီလာ မေ ၁၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီး ရွာတစ်ရွာတစ်၌ မေ ၁၉ ရက်တွင် လက်နက်ကိုင်သေနတ်သမားတစ်ဦး၏ ရမ်းကားပစ်ခတ်မှုကြောင့် ၁၂ ဦးသေဆုံးသွားကြောင်း သတင်းဖော်ပြသည်။

ပြောကြား

ယင်းပစ်ခတ်မှုမှာ မနီလာမြို့အနီး ကာလမ်ဘာကျေးရွာ၌ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မူးယစ်သောက်စားထားသောလူတစ်ဦးက အမ်-၁၆ ရိုင်ဖယ်သေနတ်ဖြင့်နေအိမ်များအတွင်းရှိ လူများအားဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း၊ ၁၂ ဦးသေဆုံးပြီး ယင်းတို့ထဲတွင် ကလေးငါးဦးပါဝင်ကြောင်း၊ အခြား ခြောက်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ ပစ်ခတ်မှုသည် လွန်ခဲ့သော သုံးရက်က ယင်းဒေသ၌ ဘဏ်စားပြတိုက်မှုကြောင့် လူ ၁၀ဦးသေဆုံးခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)



ရုရှားအာကာသကုန်တင်ယာဉ် အမ်-၁၄ နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်မိပြီ

မော်စကို မေ ၁၉

နိုင်ငံတကာ အာကာသယာဉ်စခန်း (အိုင်အက်စ်အက်စ်)သို့ စေလွှတ်ထားသည့် ရုရှားအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် မေ၁၇ရက်၌ အောင်မြင်စွာချိတ်ဆက်မိသွားပြီဖြစ်ကြောင်း မော်စကိုမြို့အနီးရှိ အာကာသယာဉ်ထိန်းချုပ်ရေးစခန်းမှ သတင်းထုတ်ပြန်လိုက်သည်။

ချိတ်ဆက်မိ

အမ်-၁၄ ဟုအမည်ပေးထားသော အဆိုပါရုရှားအာကာသကုန်တင်ယာဉ် (အပေါ်ပုံ) သည် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် မော်စကိုစံတော်ချိန် မေ၁၇ရက် မွန်းလွဲ ၁ နာရီ ၃၉ မိနစ်က ချိတ်ဆက်မိသွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းသတင်း၌ဖော်ပြသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်တွင် စားနပ်ရိက္ခာ၊ ရေ၊ လောင်စာဆီ၊ အသုံးအဆောင်ပစ္စည်းများနှင့် နိုင်ငံတကာ အာကာသယာဉ်မှူးများအား မိသားစုများက ပေးလိုက်သော လက်ဆောင်များအပါအဝင် စုစုပေါင်း ကုန်တန်ချိန် ၂ဒသမ၅ တန် ပါရှိသွားသည်။

လွှတ်တင်ခဲ့

လောလောဆယ်အချိန်၌ နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် ရုရှားအာကာသယာဉ်မှူး ဆာဂျီဗိုလ်ကော့ဗ်နှင့် အိုလက်ကိုနိုနမ်ကို အပြင် နာဆာအာကာသယာဉ်မှူး ဂါရက်အီးရီမင်တို့ ရောက်ရှိနေသည်။ ယခုနိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မိသွားသော ရုရှားအာကာသကုန်တင်ယာဉ်ကို ဘိုင်ကူနောအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ မေ ၁၅ ရက်၌ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

အာကာသသိပ္ပံ

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သမ္မတရွေးကောက်ပွဲ၌ မက်ကိန်းသာ ရွေးချယ်ခံရလျှင် အီရတ်မှ ကန်တပ်ဖွဲ့ဝင်အများစု ၂၀၁၃ခုနှစ်တွင် ရုပ်သိမ်းမည်

ဝါရှင်တန် မေ ၁၉

နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံမည့် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက သူသာ သမ္မတအဖြစ် ရွေးချယ်ခံရလျှင် အမေရိကန်တပ်ဖွဲ့ဝင်အများစုကို အီရတ်နိုင်ငံမှ ၂၀၁၃ ခုနှစ်အရောက်တွင် ပြန်လည်ရုပ်သိမ်းမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂျွန်မက်ကိန်း (ယာပုံ)က သူ၏ပထမအကြိမ် သမ္မတသက်တမ်းအပြီးတွင် ဖြစ်ပေါ်လာနိုင်သည့် ကြိုတင်တွက်ဆချက်ကို သူ့မိန့်ခွန်းတွင် အထက်ပါအတိုင်း ပြောကြားလိုက်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်မည်မျှကို အီရတ်မှ ရုပ်သိမ်းမည်ဟု တိတိကျကျ မပြောပေ။

ပြောကြား

၂၀၁၃ခုနှစ်အရောက်တွင် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်ကိုလည်း မိမိတို့ အမေရိကန်နိုင်ငံက ဖမ်းမိနိုင်လောက်ပေမည်ဟု ခန့်မှန်းပြောကြားလိုက်သည်။

အာမခံ

ဂျွန်မက်ကိန်းသာမက ယခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ဒီမိုကရက်တစ်ပါတီမှ အကြိတ်အနယ် ယှဉ်ပြိုင်နေကြသော အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် အထက်လွှတ်တော်အမတ် အိုဘားမားတို့နှစ်ဦးကလည်း သမ္မတအဖြစ် ရွေးချယ်ခံရလျှင် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးကို အစိုးရ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ် အကောင်အထည်ဖော်မည်ဟု အသီးသီး အာမခံပြောကြားကြပြီး ဖြစ်သည်။



အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက သူ့အယူအဆများကို ဆက်လက်ပြောကြားရာ၌ ထိုအချိန်လောက်တွင် အီရတ်စစ်ပွဲမှာလည်း အနိုင် ရရှိနေမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံမှာလည်း ဆယ်စုနှစ်များစွာ အာဏာရှင်အုပ်စိုးမှုနှင့် ရာစုနှစ်များနှင့် ချီခဲ့သည့် ဂိုဏ်းဂဏ ပဋိပက္ခတို့၏ ဆိုးကျိုးများ ခံစားနေရဦးမည် ဖြစ်သော်လည်း ဒီမိုကရေစီစနစ် ကျင့်သုံးလည်ပတ်နေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ပြန်ပေးဆွဲခံရသည့် ပါကစ္စတန်သံအမတ်ကြီး ပြန်လည်လွတ်မြောက်လာ

အစ္စလမ္မာဘတ် မေ ၁၉

အာဖဂန်နစ္စတန် နိုင်ငံ ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး တာရစ်အဇီဇူဒင်မှာ ဖေဖော်ဝါရီလက တာလီဘန် စစ်သွေးကြွတို့၏ ပြန်ပေးဆွဲခံရပြီးနောက် ယခုအခါ လွတ်မြောက်လာပြီ ဖြစ်သည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် နှစ်နိုင်ငံနယ်စပ်မှ ကဘူးလ်မြို့တော်သို့အပြန်တွင် သံအမတ်ကြီး အဇီဇူဒင် ပြန်ပေးဆွဲ ဖမ်းဆီးခံရခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ ပါကစ္စတန် သံရုံးက သံအမတ်ကြီး အဇီဇူဒင်မှာ ဘေးအန္တရာယ် ကင်းပြီး ကျန်းကျန်းမာမာ ရှိကြောင်း ကြေညာသည်။

သံအမတ်ကြီးနှင့်အတူ ပြန်ပေးဆွဲခံရသည့် သူ့ယာဉ်မောင်းနှင့် လုံခြုံရေးအရာရှိတို့ ပြန်လည် လွတ်မြောက်လာမှု ရှိမရှိ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သတင်း၌ ပါရှိသည်။ **(အင်တာနက်)**

တရုတ်ငလျင်ကြောင့် သေဆုံးသူ ၃၂၀၀၀ ကျော်ရှိလာ ရုရှားက ထောက်ပံ့ကူညီရေးလေယာဉ်စေလွှတ်

မော်စကို မေ ၁၉

ငလျင်ဒဏ်ကြုံတွေ့ခံစားရသော တရုတ်ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီအနေဖြင့် ရုရှားကုန်တင်လေယာဉ်တစ်စင်း တရုတ်နိုင်ငံသို့ မေ ၁၈ရက်က ဆိုက်ရောက်လာသည်။

ရွက်ဖျင်တဲများ၊ ခြုံစောင်နှင့် ခြင်ထောင်များ၊အခြားအသုံးအဆောင်ပစ္စည်းများ တန်ချိန် ၃၀ ကို တင်ဆောင်ကာ အဆိုပါ ရုရှားကုန်တင်ယာဉ်သည် ငလျင်ဒဏ် ခံရသည့် စီချွမ်မြို့သို့ ဆိုက်ရောက်လာခြင်း ဖြစ်သည်။

ကူညီ

ထို့အပြင် ရုရှားနိုင်ငံမှ အရေးပေါ် သယ်ယူရေး ရဟတ်ယာဉ် ၄၉ စင်းလည်း ပေးပို့ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၌ တရုတ်လေယာဉ်များနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်ရွက်

အင်အားပြင်းငလျင်လှုပ်မှုကြောင့် တရုတ်နိုင်ငံတွင် မေ ၁၇ ရက် ညပိုင်းအထိ သေဆုံးသူ ဦးရေ ၃၂၄၇၇ဦး ရှိနေပြီ ဖြစ်ကြောင်း၊ အဆောက်အအုံအပျက်အစီးများအကြား ပိတ်မိနေသူ ထောင်ပေါင်းများစွာ ရှိနေဆဲဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်းတရုတ်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ပျံလေတဲ့ငှက်ခါး နားခါမှသိပြီထင့်

ဗြိတိန်နိုင်ငံ၏မြို့တော် လန်ဒန်မြို့ အရှေ့ပိုင်း ဟတ်ခ်နေးအရပ်တွင် အသက်၂၂နှစ်အရွယ်ရှိ စတီဗင်ဘစ်ဘီ **(ယာပုံ)** နေထိုင်သည်။ စတီဗင်သည် တစ်ဦးတည်းသောသားဖြစ်ပြီး မိဘများမှာ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကာ ချမ်းသာသည်။မိဘများက တစ်ဦးတည်းသောသား စတီဗင်အား ဘွဲ့ရပညာတတ် ဖြစ်စေချင်သော်လည်း စတီဗင်သည် မိဘများ၏ ဖြစ်စေချင်သော ဆန္ဒကို မဖြည့်ဆည်းခဲ့ပေ။ တက္ကသိုလ်ဝင်တန်းအရောက်တွင် စာမေးပွဲ ကျရှုံးကာ ကျောင်းထွက်ခဲ့ရသည်။

အသောက်အစားဖက်

မိဘများက ပညာရေးကို စိတ်မဝင်စားသော သားဖြစ်သူ စတီဗင်အား သူတို့၏ စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်စေခဲ့သည်။ စတီဗင်သည် အစပိုင်းတွင် မိဘများ၏ စီးပွားရေးလုပ်ငန်းတွင် အားသွန်ခွန်စိုက် စိတ်ပါလက်ပါလုပ်ဆောင်ခဲ့သဖြင့် မိဘနှစ်ပါးမှာ သူ့အတွက် ဝမ်းသာပီတိ ဖြစ်ကာ စိတ်အေးခဲ့ရသည်။ သို့သော်လည်း မိဘနှစ်ပါး၏ စိတ်ချမ်းသာမှုများ ကြာရှည်မခံပါပေ။ အကြောင်းမှာ သူတို့လုပ်ငန်း၌ အစပိုင်းတွင် ခြေငြိမ်ကာ အလုပ်ကြိုးစားသော စတီဗင်သည် နောက်ပိုင်းတွင် ကျောင်းသားဘဝကကဲ့သို့ပင် အပျော်အပါး အသောက်အစားဖက်ကာ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရန်စိတ်မဝင်စားတော့ပေ။ထို့ကြောင့် သူသည် မိဘများ၏စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခြင်း မပြုတော့ဘဲ နေ့စဉ်နှင့်အမျှ အချိန်ရှိသရွေ့ သွားလာ လည်ပတ်ခြင်းဖြင့်သာ အချိန်ဖြုန်းနေခဲ့သည်။

ထင်ရာစိုင်း

စတီဗင်အား မိဘများက စီးပွားရေးလုပ်ငန်းတွင်သာ ဖိဖိစီးစီးလုပ်ကိုင်ရန် သူ၏ရှေ့ရေးအတွက်လမ်းကြောင်းပေးခဲ့သော်လည်း မိဘများ၏စကားကို နားဝင်ခြင်း မရှိတော့ပေ။ သူသည် အပေါင်းအသင်းနှင့် အုပ်စုဖွဲ့ကာ ထင်ရာစိုင်းခဲ့တော့သည်။

စတီဗင်သည် သူနှင့်ဝါသနာတူ သူငယ်ချင်းကိုးဦးပေါင်းစုပြီး ၁၀ဦး

ဂိုဏ်းဖွဲ့ကာ သွားလာလှုပ်ရှားခဲ့သည်။ သူတို့ ၁၀ဦးအဖွဲ့မှာ လူငယ်များစုစည်းထားသော အဖွဲ့ဖြစ်သဖြင့်အထိန်းအကွပ်မဲ့ကာ ပရမ်းပတာဖြစ်နေတော့သည်။

အမှားများဆက်တိုက်ကျူးလွန်

ထိုကဲ့သို့ တစ်ဦးကိုတစ်ဦး ထိန်းသိမ်းနိုင်ခြင်းမရှိကြဘဲ ထင်ရာစိုင်းခဲ့ကြသောကြောင့်ပင် စတီဗင်တို့အဖွဲ့မှာအမှားများကို ဆက်တိုက် ကျူးလွန်ခဲ့ကြသည်။

စတီဗင်တို့ အဖွဲ့သည် ၂၀၀၆ ခုနှစ် အောက်တိုဘာလ အတွင်းက လန်ဒန်မြို့ မြောက်ပိုင်း တော့တင်ဟမ်ဒေသရှိ စနူကာကလပ်တွင် အုပ်စုဖွဲ့တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ စတီဗင်၏လက်ထဲတွင်ဓားတွေ့ရှိခဲ့မှုကြောင့် အမှုရင်ဆိုင်နေရဆဲဖြစ်ပြီး၂၀၀၈ခုနှစ်ဇွန်လတွင် ယင်းအမှုကို စီရင်ချက်ချမည် ဖြစ်သည်။ ထိုစဉ်က စတီဗင်အသက် ၂၀သာရှိသေးသည်။ ထို့အပြင် စတီဗင်နှင့် သူ့အဖွဲ့သည် ၂၀၀၈ခုနှစ် ဇန်နဝါရီလ အတွင်းက လန်ဒန်မြို့ မြောက်ပိုင်း တော့တင်ဟမ်အရပ်တွင်ပင် အသက်၁၆နှစ်အရွယ် မိန်းကလေးတစ်ဦးအား အုပ်စုဖွဲ့ အနိုင်ကျင့်ပြီး ၎င်းမိန်းကလေး၏ အလောင်းပေါ်သို့ ကော့စတစ်ဆိုဒါလောင်းချကာ ဒီအင်န်အေ အထောက်အထားများ ဖျောက်ဖျက်ရန် ကြိုးစားခဲ့သော်လည်း သက်ဆိုင်ရာတို့၏ ကြိုးပမ်းမှုကြောင့် သူတို့အဖွဲ့မှာ ရာဇဝတ်ဘေးမှ မလွတ်မြောက်နိုင်ဘဲ အမှုရင်ဆိုင်နေရဆဲ ဖြစ်သည်။

အမှုရင်ဆိုင်

စတီဗင်သည် သူ၏ အမှားများမှ သင်ခန်းစာယူရန် မကြိုးစားဘဲ ၂၀၀၈ ခုနှစ် မေ၂ရက်ညက လန်ဒန်မြို့ အရှေ့ပိုင်း မက်ဒေါ်နယ် စားသောက်ဆိုင်၏ အပြင်ဘက်တွင် မူးယစ်နေကြသော စတီဗင်တို့အဖွဲ့သည် အခြားအဖွဲ့နှင့် ခိုက်ရန်ဖြစ်ပွားရာ စတီဗင်မှာ ဓားထိုးခံရပြီးသေဆုံးခဲ့သည်။ စတီဗင်အား ဓားဖြင့်ထိုးသူ အသက်၁၈နှစ်အရွယ်ရှိ လန်ဒန်အရှေ့ပိုင်း ဝေါ်သမ်စတိုအရပ်မှ အန်သိုနီကော့စတာမှာ မေ၅ရက်မှ စတင်ပြီး တရားရုံးတွင် အမှုရင်ဆိုင်နေရသည်။

မိဘများ၏ ပညာတတ် ဖြစ်စေလိုသောဆန္ဒ၊ စီးပွားရေးတွင် ဖိဖိစီးစီး လုပ်ကိုင်စေလိုသောဆန္ဒ၊ အန္တရာယ်ကိုမြင်ကာ ကြိုတင်တားဆီးသော ရည်ရွယ်ချက်တို့ကို သွေဖည်ကာ ထင်ရာစိုင်းခဲ့သော စတီဗင်ဘစ်ဘီ၏ ပျံလေသောငှက်ခါး နားခါမှ သိရသော သင်ခန်းစာ ယူဖွယ်ရာဖြစ်ရပ်အဖြစ် ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

မိဘများက ပညာရေးကို စိတ်မဝင်စားသော သားဖြစ်သူ စတီဗင်အား သူတို့၏ စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်စေခဲ့၊ စတီဗင်သည် အစပိုင်းတွင် မိဘများ၏ စီးပွားရေးလုပ်ငန်းတွင် အားသွန်ခွန်စိုက် စိတ်ပါလက်ပါ လုပ်ဆောင်ခဲ့သဖြင့် မိဘနှစ်ပါးမှာ သူ့အတွက် ဝမ်းသာပီတိဖြစ်ကာ စိတ်အေးခဲ့ရ။

ဘားအံမြို့၌ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် အမျိုးသားနိုင်ငံရေးတာဝန်များ ရှင်းလင်းဆွေးနွေး

ဘားအံ မေ ၁၀

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအေးကြူနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများအား ဧပြီ ၂၆ရက်က ဘားအံမြို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ ဌာနဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါရှင်းလင်းပွဲတွင် ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးအေးကြူက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး(**အပေါ်ပုံ**) ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များနှင့် အမျိုးသားနိုင်ငံရေး တာဝန်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပိန်းဇလုပ်မြို့၌ ရှေးဦးသူနာပြုစု သင်တန်းဆင်း

ပိန်းဇလုပ် မေ ၁၂

ညောင်လေးပင်မြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်သူနာပြုတပ်ရင်းတို့ ကြီးမှူးဖွင့်လှစ်သော ရှေးဦးသူနာပြုစုခြင်း ပညာ (သာမန်)သင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဆင်းပွဲကို မေ ၄ရက်က ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြောက်ပိုင်းရပ်ကွက် အခြေခံပညာမူလတန်းလွန် ကျောင်းခန်းမ၌ ကျင်းပသည်။(အောက်ပုံ)

အခမ်းအနားသို့ ပိန်းဇလုပ်မြို့ ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သင်းသင်းအိ၊ ပိန်းဇလုပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးမင်းဇော်ထွန်း၊ ပိန်းဇလုပ်မြို့ ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူး ဦးမြင့်သူ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများနှင့် သင်တန်းဆင်း လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပိန်းဇလုပ်မြို့ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူးက အမှာစကားပြောကြားပြီး သင်တန်းတွင် ဘက်စုံစာပေ၊ လက်တွေ့စစ်ရေးပြ ထူးချွန်ဆုရသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းခေါင်းဆောင်သို့ ပေးအပ်သည်။ (၀၆၅)

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ဟောပြောပွဲနှင့်စာဖတ်ဝိုင်းကို ဧပြီ၈ရက်က ယောမင်းကြီးရပ်ကွက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ထွေးကအမှာစကားပြောကြားစဉ်။(မြို့နယ် ပြန်/ဆက်)

အောင်မြေသာစံ၌ သက်ကြီးပူဇော်

မန္တလေး မေ ၁၀

(၁၈)ကြိမ်မြောက် မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အရှေ့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၉ရက်က စာလမ်းရပ်ကွက်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အသက်(၇၅)နှစ်ကျော် အဘိုးအဘွား ၅၀ကျော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဘိုးအဘွားများအား (၁၈)ကြိမ်မြောက် သက်ကြီးပူဇော်ရခြင်းကို ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းက ရှင်းလင်းပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့် တက်ရောက်သူများက ရှိခိုးကန်တော့ကြသည်။ (၀၉၀)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ မတ် ၂၇ရက်က သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးဖြစ်သော တံတားဦးကျေးရွာ လက်တူးတွင်း အဆင့်မြှင့်ခြင်းလုပ်ငန်း၊ လက်နှိပ်တုံကင် တပ်ဆင်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးမင်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ တောင်ငူ၌ကျင်းပ

တောင်ငူ မေ ၁၀

၂၀၀၈ခုနှစ် ပဲခူးတိုင်း ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီက တောင်ငူမြို့ ခပေါင်းမြို့နယ် ခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ပဲခူးတိုင်း ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ကျော်ဦးက ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော ၂၀၀၈ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ် ဖွင့်ပွဲသဝဏ်လွှာကို ဖတ်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ (၀၄၈)

ရှေးဦးသူနာပြု အခြေခံအဆင့် သင်တန်းဆင်း

မိုးကောင်း မေ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့် သင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲကို မေ၂ရက် နံနက်၁၀နာရီက ကညင်မြိုင်ကျေးရွာ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မင်းနိုင်၊ မြို့နယ်ကြက်ခြေနီသူနာပြု တပ်ရင်းမှူး ဒုတိယရဲမှူး တင်ငွေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြတ်ထွန်းတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၀၀၁)

ကျောင်းကုန်း ကျေးရွာစာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

ကျောင်းကုန်း မေ ၂

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ၁၂ရပ်ကွက်နေ မြို့နယ် ရေယာဉ်အသင်း ဥက္ကဋ္ဌ ဦးတင်ထွေး-ဒေါ်သောင်းသောင်းအေး၊သမီး မယမင်းဌေး၊ သား အောင်သူထက် မိသားစုက သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်၃၀၀နှင့် မဂ္ဂဇင်း၊ ဂျာနယ်အုပ်၄၀၀ ကို ဧပြီ၁၀ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းကုန်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက လက်ခံယူကြောင်း သိရသည်။(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကမ္ဘစံပြဈေးတွင် မတ် ၅ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

20-5 (16).pmd 1 5/20/2008, 2:31 AM

THREE FRIENDS CONSTRUCTION CO., LTD.

အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ

အမိုးမိုးခြင်း၊ အိမ်ပြုပြင်ခြင်း(Home Renovation) မြေညှိခြင်း Thaiply ... Modern Furniture (MDF,Ply,Chip,Teak) ... Composite ... Rollershutter ... Architectural Design ရေးဆွဲပေးခြင်း။

အထပ်မြင့်နှင့်လုံးချင်းအိမ်များဆောက်လုပ်ပေးခြင်း(PAE)

30'x40' နှစ်ထပ် RC ...

"မိုးတွင်း၌ စောင်တည်ဆောက်၍ အဆောက်အအုံ၏ ကြံ့ခိုင်မှုကို မည်သို့မှ မထိခိုက်နိုင်ပါ။ ထို့ကြောင့်မိုးရာသီ၌ လည်း ဆောက်လုပ်၍ရပါသည်။"

အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း Laminated Floor, Wall Paper, Plaster Board, Plaster Cornice, Gypsum Board...

44A(1) ... ရန်ကုန်။ 01-201478,294864,298341,299947,09-50 11443,09-50 10289, 09-51 55037

ငှက်ဖျားရောဂါ တိုက်ဖျက်ရေး မုံရွာ၌ ရှင်းလင်း

မုံရွာ မေ ၁၀

ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေးရက်သတ္တပတ် အခမ်းအနား ကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီခွဲက မုံရွာမြို့ မြို့တော် ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဝင်းကြည်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်း ကျောင်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အဖွင့် အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာကြည်လွင်က ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက် ရေးနှင့် အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရက် သတ္တပတ် အကြောင်းကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများ နှင့် ဧည့်သည်တော်များက စစ်ကိုင်းတိုင်းငှက်ဖျားတိုက်ဖျက် ရေးဌာနက ပြသထားသည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၂၉ ရက်က မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် တွင် ပျိုးထောင်ထားသော ပျိုးပင်များကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင် သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၈၃) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး(အင်္ဂပူ)လူမှုထူးချွန် (ပထမ ဆင့်) **(အပေါ်ပုံ)**သည် မေ ၆ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး သွေးလှူ ဘဏ်ခွဲတွင် (၈၃)ကြိမ်မြောက် သွေး လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

နှလုံးအပြင်ရောက်မိန်းကလေး သေဆုံးသွားရရှာပြီ

ကောလင်း မေ ၅

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် မြေနီအုပ်စု မြေနီကျေးရွာတွင် ဒီဇင်ဘာ ၃ရက် ညနေ ၆နာရီ၃၅မိနစ်က ဦးထွန်းရွှေ-ဒေါ်မြဝင်းတို့မှ မွေးဖွားခဲ့သော နှလုံးအပြင်ရောက် မိန်းကလေးသည် မေ ၁ရက် နံနက် ၅နာရီခွဲခန့်က သေဆုံး သွားကြောင်း သိရသည်။

မွေးဖွားခဲ့

ဒေါ်မြဝင်းသည် နှလုံးအပြင်ရောက် မိန်းကလေးကို ဆည်ကိုကျေးရွာ အရန်သားဖွားဆရာမ ဒေါ်စိန်ခင်၏ အကူအညီဖြင့် မွေးဖွားခဲ့ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးနှင့် ဆရာမများ၏ ကူညီမှု ဖြင့် ကျန်းမာရေး ပြုစုစောင့်ရှောက်ခြင်း၊ မန္တလေးမြို့ ကလေးအထူးကုဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင်၍ ကုသမှုကို ခံယူကာ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ကောလင်းသို့ ပြန်လည်ရောက်ရှိလာသည်။

ဆေးဝါးကုသမှုခံယူ

တစ်လတစ်ကြိမ် မန္တလေးသို့ ဆေးဝါးကုသမှုကို ခံယူနေစဉ် ကောလင်း မြို့သို့ ပြန်လည်အနားယူချိန်ဝယ် ရာသီဥတု ပူပြင်းမှုကြောင့် ငါးလသမီးငယ် ကလေး၏ ကျန်းမာရေးဖောက်ပြန်လာရာ မိဘများက မေ၁ရက်တွင် မော်တော် ဆိုင်ကယ်ဖြင့် ကလေးအား ဆေးရုံသို့လာပြစဉ် သေဆုံးရကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၀၄ခုနှစ် မတ်လကလည်း ကောလင်းမြို့နယ် ရှာဟောင်း ကျေးရွာ ဦးဘိုးတုတ်-ဒေါ်လှခိုင်(၃၈နှစ်)က နှလုံးအိမ်အပြင်ရောက် မိန်းကလေး တစ်ဦးမွေးဖွားခဲ့ရာ လပိုင်းအတွင်း သေဆုံးခဲ့ကြောင်း သိရသည်။ (ဝ၃၂)

မြို့နယ် သတင်းများ

ချမ်းအေးသာစံ အဆင့်မြင့်ဈေးချိုပလာဇာ ပတ်ဝန်းကျင်သန့်ရှင်း ရေနုတ်မြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှုမရှိရေး ဆောင်ရွက်

မန္တလေး မေ ၁၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့သည် မေ ၄ရက် နံနက် ၉နာရီက အောင်မြေသာစံမြို့နယ် ၂၆လမ်း၊ ၈၄လမ်းမှ ၈၆လမ်းကြားနှင့် ၈၄လမ်း၊ ၂၅လမ်းမှ ၂၆လမ်းကြားတို့တွင် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ချမ်းအေးသာစံမြို့နယ် အဆင့်မြင့်ဈေးချိုပလာဇာ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့ သည် ၂၅လမ်းမှ ၂၆လမ်းအတွင်း ၈၄လမ်းအနောက်ဘက်ခြမ်း ရေနုတ် မြောင်းနှင့် ၈၄လမ်းမှ ၈၆လမ်း အတွင်း ၂၆လမ်းမြောက်ဘက်ခြမ်း ရေနုတ်မြောင်းတို့ကို သန့်ရှင်းရေး ဌာနမှ လုပ်သားအင်အား ၁၀၀တို့က အမှိုက်သရိုက်နှင့် မြောင်းစာများ ဆယ်ယူ၍ အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် နေမှုကို လိုက်လံကြည့်ရှု စစ်ဆေး သည်။

ထို့နောက် သန့်ရှင်းရေးဌာန ဌာန မှူးနှင့် တာဝန်ရှိသူများအား ရေနုတ် မြောင်းများကို ရေစီးရေလာ ကောင်း မွန်အောင် စနစ်တကျဆယ်ယူရေး၊ အဆင့်မြင့်ဈေးချိုတော်၊ ဈေးချိုခန်းမ ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ အတွင်း အမှိုက်များ ပိတ်ဆို့မှုမရှိ အောင် ဆောင်ရွက်သွားရေးနှင့် သတ် မှတ်နေရာများတွင် စနစ်တကျအမှိုက် များ စွန့်ပစ်အောင် စည်းရုံးပညာပေး လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် ၈၅လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား အဆင့်မြင့်ဈေးချိုတော် ရွှေကံ့ကော် ရုံသစ် ပတ်ဝန်းကျင်၌ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးနှင့် သားသတ်ဌာန ဌာနမှူးနှင့် တာဝန် ရှိသူများအား ဈေးဆိုင်များ ကျူးကျော် ဖွင့်လှစ်မှုမရှိစေရေး၊ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် စနစ် တကျ ဆောင်ရွက်ထားရှိရေး၊ ဈေး ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးတို့ကို အဓိကထားဆောင်ရွက်ရေးနှင့် သန့်ရှင်း ရေးလုပ်ငန်းများ စနစ်တကျ ဆောင် ရွက်ရေး ကိစ္စရပ်များကို မှာကြား ခဲ့ကြောင်း သိရသည်။

(၁၁၃)

မြေအမျိုးအစား မှတ်တမ်းတင်

ဆိပ်ဖြူမြို့နယ် ကုန်းရွာတွင် လေးလက်မ ပေ၆၀၀ စက်ရေတွင်း ကို စက်ယန္တရားများဖြင့် တူးဖော်ပြီး မြေအမျိုးအစားအလိုက် မှတ်တမ်း တင်ထားရှိမှုကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့်အဖွဲ့ မေ ၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိဦးအောင်ဆွေက ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

20-5 (17).pmd 1 5/20/2008, 2:31 AM

လေဘေးသင့်ပြည်သူများ အစားအစာနှင့် ရေကောင်းရေသန့်ရရှိရေး အလေးထားဆောင်ရွက် ရေဘေးသင့်ဒေသများ၌ အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်အောင် အဓိကထားထူထောင်

နေပြည်တော် မေ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်

နေပြည်တော် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၆/၂၀၀၈)ကို ၂၀၀၈ ခုနှစ် မေ ၁၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် (၆/၂၀၀၈)
၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၅) ရက်
(၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက်)

ဝမ်းနည်းကြောင်းအထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ခြင်း

၁။ နာဂစ်မုန်တိုင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းသို့ (၂-၅-၂၀၀၈)ရက်နေ့ နံနက် (၀၉:၀၀)နာရီအချိန်တွင် ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမှ စတင်ဝင်ရောက်ခဲ့ပြီး (၄-၅-၂၀၀၈)ရက်နေ့ နေ့လယ် (၁၂:၃၀)နာရီအချိန်တွင် မြန်မာနိုင်ငံမှ ဖြတ်ကျော်သွားခဲ့ပါသည်။

၂။ နာဂစ်မုန်တိုင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့အား ဖြတ်သန်းဝင်ရောက်တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများ၊ ရိက္ခာပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း စသည်တို့ ကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။

၃။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူများသေဆုံးခဲ့ကြရခြင်းအတွက် (၂၀-၅-၂၀၀၈) ရက်နေ့မှ (၂၂-၅-၂၀၀၈)ရက်နေ့အထိ (၃)ရက်တာကာလကို ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်လိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို (၂၀-၅-၂၀၀၈)ရက်နေ့ နံနက် (၀၉:၀၀)နာရီ အချိန်မှစ၍ ယင်းကာလအတွင်း တိုင်တစ်ဝက်လွှင့်ထူရန် ကြေညာလိုက်သည်။

အမိန့်အရ-

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

20-5 (20).pmd 1 5/20/2008, 2:31 AM